# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်း သည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက် သောကြာနေ့။ Friday, 3 July 2026 ၁၂၂၈


**အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှု မရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး**

*ပြည်ထောင်စုလွှတ်တော်*


*စာမျက်နှာ » ၆*


---

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်**


*စာမျက်နှာ » ၈*


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုအား ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိလာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတက သမ္မတအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်**

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ လိုက်ပါလာသည့် အထူးယာဉ်တန်းသည် နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**


## ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာ အပိုင်း(၂)ရှိ တိုက်ခန်းလျှောက်ထားသူများအား မဲနှိုက်နေရာချထားပေး




ရန်ကုန် ဇူလိုင် ၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်း၏အနောက်ဘက်သုခတော်ဝင် အိမ်ရာအပိုင်း(၂)ရှိ လေးခန်းတွဲ လေးထပ်(အိပ်ခန်းနှစ်ခန်းပါ) 4U4S(2 Beds) တိုက်ခန်းများ လျှောက်ထားသူများအား မဲနှိုက်နေရာချထားခြင်းကို ဇူလိုင် ၁ ရက်က ပြုလုပ်သည်။

တိုက်ခန်းများကို ၂၀၂၇ ခုနှစ် ဇွန်လတွင် အပြီးတည်ဆောက်ကာ ၂၀၂၇ ခုနှစ် ဇူလိုင်လတွင် တိုက်ခန်းဝယ်ယူထားသူများထံ လက်ဝယ်အရောက် အပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိမ်ရာတည်ဆောက်ရေးနှင့်


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## တရုတ်နိုင်ငံ Heilongjiang ကုန်သည်ကြီးများအသင်းက ငှက်ပျောလျှော်နှင့် မြက်မှ ထုတ်လုပ်သည့် လက်မှုပစ္စည်းများ ဝယ်ယူ

ရန်ကုန် ဇူလိုင် ၂

Green Banana Myanmar ၏ စွန့်ဦးတီထွင်လုပ်ငန်းဖြစ်သည့် ငှက်ပျောလျှော်နှင့် မြက်မှ ထုတ်လုပ်သည့် အရည်အသွေးမြင့် လက်မှုပစ္စည်းများကို တရုတ်နိုင်ငံ Heilongjiang ကုန်သည်ကြီးများအသင်းက ဝယ်ယူရန်အတွက် ဇွန် ၃၀ ရက်တွင် သဘောတူလက်မှတ်ရေးထိုးသည်။


**စာမျက်နှာ ၄ ကော်လံ ၅ သို့ ❒**




# နိုင်ငံ့အကျိုးသယ်ပိုးစွမ်းဆောင် မြန်မာအမျိုးသမီးများအားဂုဏ်ပြု

ယနေ့သည် မြန်မာနိုင်ငံဒေသအသီးသီးတွင် မှီတင်းနေထိုင်ကြသည့် မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ မျက်မှောက်ကာလအထိ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံသယ်ပိုးထမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးများ အမြောက်အမြားရှိသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက မြန်မာအမျိုးသမီးသခင်မများနှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်သည့်ကာလ၌ သူရမချစ်ပိုကဲ့သို့ နိုင်ငံအတွက် စွန့်လွှတ်စွန့်စား စွမ်းဆောင်ကြသည့် မြန်မာအမျိုးသမီးများကို အလေးအနက်ဂုဏ်ပြုရမည်ဖြစ်သည်။

အမျိုးသမီးများသည် အမျိုးသားများနှင့်ယှဉ်လျှင် အားနွဲ့သူများဖြစ်၍ ချန်လှပ်ထားခြင်းမပြုဘဲ အမျိုးသားများနှင့်တန်းတူယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံအများက အလေးထားဆောင်ရွက်ခဲ့ကြသည်။ ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ ဘေဂျင်းကြေညာစာတမ်းတွင် လုပ်ငန်းနယ်ပယ်အသီးသီးမှ အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတိုင်းတွင် အမျိုးသမီးကော်မတီများ ဖွဲ့စည်းရန်ဆိုသည့်အချက်ပါရှိသည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

အဆိုပါဖွဲ့စည်းခဲ့သည့်နေ့နှင့်စွမ်းဆောင်ရည်မြင့်မားသော အမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှစတင်ပြီး မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်။ ထိုနေ့တွင် နိုင်ငံ့အကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် အမျိုးသမီးများကို ဂုဏ်ပြုပေးခဲ့သည်။ မျက်မှောက်ကာလတွင် ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရာတွင် အမျိုးသားများနှင့်တန်းတူ မြန်မာအမျိုးသမီးများကလည်း ကြိုးပမ်းစွမ်းဆောင်နေကြသည်ကို တွေ့ရသည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ နယ်ပယ်အသီးသီးတွင် ကာယ၊ ဉာဏစွမ်းပကားများဖြင့် စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်နေကြသည့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရသည်။

အသက် ၂၅ နှစ်နှင့်အထက် နိုင်ငံ့လူဦးရေ၏ အမြင့်ဆုံးအောင်မြင်ပြီးစီးခဲ့သည့် အတန်းပညာကို စစ်တမ်းကောက်ယူခဲ့ရာ၌ မူလတန်းအဆင့်တွင် အမျိုးသား ၄၂ ဒသမ ၃ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၁ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်တွင် အမျိုးသား ၂၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်တွင် အမျိုးသား ၁၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး တက္ကသိုလ်ဘွဲ့ရအဆင့်တွင် အမျိုးသား ၉ ဒသမ ၇ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်းတွေ့ရသည်။ ယခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အဆင့်မြင့်ပညာကို တက်လှမ်းမည့် ထူးချွန်ထက်မြက်သည့် အမျိုးသမီးများ အရေအတွက် ပိုမိုများပြားလာသည်ကိုတွေ့ရသည်။ ပညာရေး၌ အမျိုးသမီးကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိ ရာခိုင်နှုန်းအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အမျိုးသားများ၏ အလုပ်အကိုင်ရရှိမှုသည် လယ်ယာကဏ္ဍ၌ ၄၉ ဒသမ ၇၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ၌ ၁၉ ဒသမ ၃၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍ၌ ၃၀ ဒသမ ၈၆ ရာခိုင်နှုန်း လုပ်ကိုင်လျက်ရှိသည်။ အမျိုးသမီးများ အလုပ်အကိုင်ရရှိမှုတွင် လယ်ယာကဏ္ဍ၌ ၄၂ ဒသမ ၀၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ၌ ၁၆ ဒသမ ၈၁ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍ၌ ၄၁ ဒသမ ၁၂ ရာခိုင်နှုန်းတို့ရှိရာ ကဏ္ဍအလိုက် အမျိုးသမီးများ၏ပါဝင်မှုတိုးမြင့်လာအောင် ဆောင်ရွက်ကြရန်လိုသည်။ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကျား၊ မ တန်းတူညီမျှမှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် ကျား၊ မ ရေးရာကွာဟချက်ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့်အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုများကို အသိအမှတ်ပြုပြီး ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရန် အလေးထားဆောင်ရွက်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်များသည် ခေတ်အဆက်ဆက် ထင်ရှားပေါ်လွင်ဆဲဖြစ်ရာ အမျိုးသမီးများကဏ္ဍ မြင့်မားရေး၊ အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး တွဲလက်ညီညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး၊ ကဏ္ဍစုံတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်နိုင်ရေးအတွက် တစ်ဦးချင်းစီမှသည် မိသားစု၊ ရပ်ရွာ၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၂-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၀,၀၈၉,၇၆၈.၁၄ | ၂,၅၀၈,၈၄၄.၀၀ | ၁၅,၉၇၂,၇၀၃.၆၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၄ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃,၇၀၀.၀၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## မြစ်ကြီးနားမြို့၌ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး

**မြစ်ကြီးနား ဇူလိုင် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ယမန်နေ့ နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် အမှတ်(၁၅) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(ကချင်) ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးမင်းရန်ထွန်းနှင့် တာဝန်ရှိသူများက အဆိုပါကျောင်းမှ ကျောင်းအုပ်နှင့် သင်ကြားရေး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ယာဉ်များ မောင်းနှင် အသုံးပြုရာတွင် သတိပြုလိုက်နာရမည့် စည်းကမ်းများ၊ လမ်းအသုံးပြုခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းဆွေးနွေးပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး အသင့်စုဖွဲ့လေ့ကျင့်ဆောင်ရွက်

**မင်းလှ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနတွင် သဘာဝဘေး အန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လူအသင့်၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာများအသင့် စုဖွဲ့လေ့ကျင့် ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထုအား ရေဘေး၊ လေဘေး၊ မြစ်ရေကြီးမှု ဘေးအန္တရာယ်များမှ ထိခိုက်ပျက်စီးဆုံးရှုံး နစ်နာမှုလျော့နည်းစေရေး အသိပညာ ပေးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသင့်စုဖွဲ့ထားခြင်း ဖြစ်ကြောင်း သိရသည်။ **ကောင်းစစ်နိုင်**

## ၂-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၇၈၁ | ၁၄,၀၂၆,၀၀၀ |
| MTSH | ၈,၉၀၀ | ၈,၈၀၀ | ၁,၀၈၂ | ၉,၅၄၆,၃၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၅၀၀ | ၈၆ | ၁,၁၃၃,၀၀၀ |
| FPB | ၇,၁၀၀ | ၇,၂၀၀ | ၃၁၁ | ၂,၂၀၉,၁၀၀ |
| TMH | ၄,၀၀၀ | ၃,၉၅၀ | ၂၈ | ၁၁၁,၁၀၀ |
| EFR | ၂,၀၅၀ | ၂,၀၀၀ | ၃,၇၉၂ | ၇,၆၂၃,၆၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၈၉ | ၃၅၆,၀၀၀ |
| MAEX | ၆,၅၀၀ | ၆,၅၀၀ | ၁,၀၉၈ | ၇,၁၉၀,၇၀၀ |
| MADPL(PLB) | ၇,၀၀၀ | ၇,၀၀၀ | ၂၂၀ | ၁,၅၄၀,၀၀၀ |
| ASPGB(PLB) | ၅၉,၀၀၀ | ၆၇,၀၀၀ | ၁၉၉ | ၁၂,၈၁၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ တွေ့ဆုံဆွေးနွေးစဉ်။

**☆ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တကူးတကဝင်ရောက်၍ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ဝင်ရောက်ခဲ့မှုသည် မိမိအပေါ် ခင်မင်ရင်းနှီးမှုကို ဖော်ပြခြင်းဖြစ်သဖြင့် မိမိအနေဖြင့် တန်ဖိုးထား**

**☆ မိမိတို့ နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားလို**

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

**❖ အဆွေတော်နှင့် မိမိတို့တွေ့ဆုံခဲ့မှုမှာ အဆွေတော်ပြောကြားခဲ့သကဲ့သို့ ငါးကြိမ်ရှိပြီဖြစ်ပြီး နှစ်နိုင်ငံအချင်းချင်း ရင်းနှီးသည့်ဆက်ဆံမှုများရှိသကဲ့သို့ ပုဂ္ဂိုလ်ရေးအရလည်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများရှိ**

**❖ လက်ရှိနှစ်နိုင်ငံအကြားဆက်ဆံရေးကို မိမိတို့ နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦး ပူးပေါင်း၍ ယခုထက် ပိုမိုမြှင့်တင်နိုင်ရေး နောက်ထပ်ခြေလှမ်းသစ်ကို စတင်ရမည့်အချိန်အခါဖြစ်**

**❖ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်**

**ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို**

✪ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတ နှစ်ဦးသည် နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ်ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတက အဆွေတော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မိမိတို့ မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အဆွေတော် အနေဖြင့် ရှည်လျားသည့် ခရီးစဉ် လမ်းကြောင်းအဖြစ် ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ ထိုမှတစ်ဆင့် မိမိတို့နိုင်ငံသို့ လာရောက်ခြင်းသည် မိမိတို့နိုင်ငံ အပေါ် အထူးခင်မင်မှုအနေဖြင့် အလုပ်သဘော ချစ်ကြည်ရေးခရီး အဖြစ် အလေးထားလာရောက်မှု အပေါ်တွင် မိမိအနေဖြင့် လှိုက်လှဲ ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ နှစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှု အနေဖြင့် ငါးကြိမ်တွေ့ဆုံပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တကူးတကဝင်ရောက်၍ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ဝင်ရောက်ခဲ့မှုသည် မိမိအပေါ် ခင်မင်ရင်းနှီးမှုကို ဖော်ပြခြင်းဖြစ်သဖြင့် မိမိအနေဖြင့် တန်ဖိုးထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပပြီး မိမိကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်၌ အဆွေတော် အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့မှုအတွက်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ ခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်နှင့် အဖွဲ့ဝင်များအား မိမိတို့ မြန်မာနိုင်ငံမှ ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုပါကြောင်းဖြင့် ခရီးဦး ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတ နိုင်ငံ သမ္မတက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် အဆွေတော်နှင့် မိမိတို့တွေ့ဆုံခဲ့မှုမှာ အဆွေတော် ပြောကြားခဲ့သကဲ့သို့ ငါးကြိမ်ရှိပြီ ဖြစ်ပြီး နှစ်နိုင်ငံအချင်းချင်း ရင်းနှီး သည့် ဆက်ဆံမှုများရှိသကဲ့သို့ ပုဂ္ဂိုလ်ရေးအရလည်း ချစ်ကြည် ရင်းနှီးသည့် ဆက်ဆံရေးများရှိပါ ကြောင်း၊ လက်ရှိ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို မိမိတို့ နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦး ပူးပေါင်း၍ ယခုထက် ပိုမိုမြှင့်တင်နိုင်ရေး နောက်ထပ်ခြေလှမ်းသစ်ကို စတင် ရမည့် အချိန်အခါဖြစ်ပါကြောင်း၊ အဆွေတော်တို့ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အဆွေတော်ကို နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံရမှု အပေါ်တွင်လည်း မိမိအနေဖြင့် များစွာ ဝမ်းမြောက်ဂုဏ်ယူသည် ကို ထပ်မံပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီး မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆက်လက် မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ထိတွေ့ ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက် သွားနိုင်မည့် အခြေအနေများ၊ (၂၀၂၆-၂၀၂၈)ခုနှစ်ကာလအတွက် ပူးတွဲဆောင်ရွက်မည့် လုပ်ငန်း စီမံချက်(Joint Action Plan)ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအမံများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံ မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေ အနေများ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုး ရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေး ကဏ္ဍ၊ လူသားချင်းစာနာ ထောက်ထားမှုကဏ္ဍနှင့် အခြား နယ်ပယ်အသီးသီးတွင် ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေ များ၊ နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက် မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက် တိုးမြှင့်ဆောင်ရွက် သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြ သည်။

ထို့နောက် နိုင်ငံတော်သမ္မတ သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် အဖွဲ့ဝင်များအား နိုင်ငံတော် သမ္မတအိမ်တော်၌ ညစာစားပွဲဖြင့် ရင်းနှီးနွေးထွေးစွာ တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် နိုင်ငံတော် သမ္မတအိမ်တော်မှ ပြန်လည် ထွက်ခွာကြရာ နိုင်ငံတော်သမ္မတ က ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် ဘယ်လာရုစ်သမ္မတ နိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ သည် နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ပို့ဆောင် ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာ နိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတ နိုင်ငံ သံအမတ်ကြီးနှင့် တာဝန် ရှိသူများက လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးလာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သော အဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော် လေဆိပ်သို့ ရောက်ရှိသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင် သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင် ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိ သူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြသည်။ (ယာပုံ)

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတဦးဆောင်




သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြု တပ်ဖွဲ့က အလေးပြု၍လည်းကောင်း၊ မြန်မာ ကလေးငယ်နှစ်ဦးက ပန်းစည်းကမ်း၍လည်းကောင်း ဂုဏ်ပြုကြိုဆိုကြကြောင်း သိရသည်။ **သတင်းစဉ်**

❒ ကျောဖုံးမှ

အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ဗဟိုကော်မတီအနေဖြင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့၏ အခန်း ၃၊ ပုဒ်မ ၅ ပါ လုပ်ငန်းတာဝန်များအရ နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများ ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ ၂၀၂၃-၂၀၂၈ ကိုလည်း ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၌ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် တည်ထောင်ရာတွင် မဟာဗျူဟာများပါ လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ မူပိုင်ခွင့်ဦးစီးဌာနနှင့် အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဥပဒေများအရ ပြည်တွင်း ပြည်ပမှ မူပိုင်ခွင့်လျှောက်ထားချက်များကို လက်ခံခြင်း၊ စစ်ဆေးခြင်း၊ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် မူပိုင်ခွင့်အကာအကွယ် ရရှိပြီးသူများ၏ မူပိုင်ခွင့် အခွင့်အရေးများကို ချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်းကိုလည်းဆောင်ရွက်ကြရန်လိုအပ်မည် ဖြစ်ကြောင်း။

မူပိုင်ခွင့်ကဏ္ဍနှင့် စပ်လျဉ်းပြီး နိုင်ငံတကာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးနေမှု အခြေအနေများနှင့် မြန်မာနိုင်ငံမူပိုင်ခွင့်စနစ်၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန် လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ညီလာခံမှရရှိခဲ့သည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့် လေ့လာတွေ့ရှိချက်များကို စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ခေတ်မီကောင်းမွန် ခိုင်မာသည့် မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားအဖြစ် အသုံးချကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညီလာခံမှ ဖော်ထုတ်ရရှိခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက ပူးပေါင်းပြီး ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ထို့ပြင် မူပိုင်ခွင့်စနစ်ကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ဒေသထွက်ကုန်များ၊ သယံဇာတ အရင်းအမြစ်များကို ဆန်းသစ်သည့် နည်းပညာများနှင့် ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး တီထွင်ဆန်းသစ်မှုများကို ဖော်ထုတ်ပေးနိုင်သည့် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများမှ ပေါ်ထွက်လာသည့် အဆင့်မြင့်နည်းပညာအသစ်များကို မူပိုင်ခွင့်အကာအကွယ်ရယူပြီး စီးပွားရေးလုပ်ကိုင်သူများနှင့် လိုအပ်သူများဆီကို နည်းပညာလွှဲပြောင်းပေးခြင်းဖြင့် ဝင်ငွေရစေမည့် မူပိုင်ခွင့်စနစ်တစ်ရပ်သည် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်လာစေရန်အတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သုတေသနဌာနများနှင့် MSME လုပ်ငန်းရှင်များအကြား သုတေသနဆောင်ရွက်မှု၊ နည်းပညာဖြန့်ဖြူးမှု၊ နည်းပညာအသုံးချမှု စသည့်လုပ်ငန်းများကို ချိတ်ဆက်ပေးမည့် မူပိုင်ခွင့်ဂေဟစနစ် တစ်ရပ်ကိုလည်း ဖန်တီးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ သုတေသနဌာနများနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှု အထောက်အကူပြုစင်တာ (Technology and Innovation Support Center–TISC)များကို ပြည်သူများသိရှိကြစေရန်နှင့် မူပိုင်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်စေရေး အသိပညာပေးကြရန် မှာကြားလိုကြောင်း။

အာဆီယံ စီးပွားရေးအသိုက်အဝန်းတွင်ပါသည့် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားသော အာဆီယံအဖွဲ့ဝင် နိုင်ငံများနည်းတူ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် မူပိုင်ခွင့်မှတ်ပုံတင်စနစ်များကို ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သောကြောင့် နိုင်ငံတကာအဆင့် မူပိုင်ခွင့်မှတ်ပုံတင်စနစ်များကို ကျင့်သုံးနိုင်ရေးအတွက် ကမ္ဘာ့မူပိုင်ခွင့် အဖွဲ့ကြီးက အတည်ပြုပြဋ္ဌာန်းထားသော မူပိုင်ခွင့်နှင့် ဆက်နွယ်နေသည့် နိုင်ငံတကာသဘောတူစာချုပ်များနှင့် ကွန်ဗင်းရှင်းများသို့ ဝင်ရောက်နိုင်ရေးကိုလည်း ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်ရာတွင် အောင်မြင်ကျော်ကြားသည့် ဒေသထွက်ကုန်များ၊ မြန်မာ့ထုတ်ကုန်များကို မူပိုင်ခွင့်ဖြင့် မြှင့်တင်ဆောင်ရွက်ကြရန်နှင့် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူများ၊ တီထွင်ဖန်တီးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ စဉ်ဆက်မပြတ် ဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး /ပြည်နယ်များအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကို အကျိုးပြုနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်သည့် စနစ်တစ်ရပ်ဖြစ်သည့်အတွက် ယုံကြည်မှုအပြည့်ဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ဦးတည်ချက်များကို အကောင်အထည် ဖော်ရာတွင် အထောက်အကူ ဖြစ်စေသည့် မူပိုင်ခွင့် အကာအကွယ်ပေးခြင်းစနစ်ကျင့်သုံးရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌဒုတိယသမ္မတက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ❍ ဇမ္ဗူသီရိမြို့နယ်မှ

အရည်အသွေးစစ်ဆေးရေး ဆပ်ကော်မတီအတွင်းရေးမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူးက တိုက်ခန်းများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နေပြည်တော်တွင်နေထိုင်သည့် ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် နေပြည်တော်ကို Green City၊ Clean City၊ Smart City အဖြစ် ဖော်ဆောင်ရာတွင် စနစ်တကျ ဖွံ့ဖြိုးတိုးတက်သောမြို့တော်တည်ဆောက်ရေးကို အထောက်အကူပြုရန်တို့ဖြစ်ကြောင်း၊ လိုအပ်သည့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ အထောက်အကူပြုရေးအတွက် တိုက်ခန်းများ ဆောက်လုပ်၍ မဲနှိုက်ရောင်းချပေးခြင်းဖြစ်ကြောင်း၊ သုခတော်ဝင်အိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်က ပြောကြားသည်။

လက်ရှိ သုခတော်ဝင်အိမ်ရာအပိုင်း (၂)ကို ဆောက်လုပ်ရာတွင် အင်ဂျင်နီယာစံချိန်စံညွှန်းများ၊ အရည်အသွေးထိန်းချုပ်မှုစနစ်များနှင့် သတ်မှတ်ထားသော ဆောက်လုပ်ရေးစံနှုန်းများနှင့်အညီ လုံခြုံစိတ်ချယုံကြည်စွာနေထိုင်နိုင်ရေး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး တိုက်ခန်းများကို ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ တာဝန်ခံမှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို အခြေခံ၍ မဲစနစ်ဖြင့် ခွဲဝေရောင်းချနိုင်ရန်ဖြစ်ကြောင်း၊ မဲစနစ်ဖြင့် ရွေးချယ်ဆောင်ရွက်ခြင်းမှာ လျှောက်ထားသူတိုင်းကို တန်းတူအခွင့်အရေးပေးသည့် နည်းလမ်းဖြစ်ပြီး အများပြည်သူ၏ ယုံကြည်မှုကိုရရှိစေမည့် လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ကြောင်း၊ ရရှိသည့်အိမ်ရာကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆက်လက်ပြောကြားသည်။

သုခတော်ဝင်အိမ်ရာအပိုင်း(၂)ရှိ တိုက်ခန်းများကို နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် ဘဏ်ချေးစနစ်ဖြင့် ဝယ်ယူလိုသူများနှင့်ပတ်သက်၍ သက်ဆိုင်ရာဘဏ်တာဝန်ခံက ရှင်းလင်းပြောကြားပြီး တိုက်ခန်းလျှောက်ထားသူများအား Digital Spin မဲစနစ်ဖြင့် မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ် တိုက်ခန်းများကို အစဉ်လိုက်မဲနှိုက်နေရာချထားပေးခဲ့ကြောင်းနှင့် ယနေ့တွင် လေးခန်းတွဲ လေးထပ် ( အိပ်ခန်းသုံးခန်းပါ) တိုက်ခန်းများကို လျှောက်ထားလာသူများအား Digital Spin မဲစနစ်ဖြင့် ဆက်လက်နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **MT**

## ❒ တရုတ်နိုင်ငံမှ

"နိုင်ငံတော်အကြီးအကဲ တရုတ်ခရီးစဉ်သွားပြီး ဆီဒိုးနားဟိုတယ်မှာ ကျင်းပတဲ့ ခရီးသွားပြပွဲကနေတစ်ဆင့် အချိတ်အဆက်ရခဲ့တယ်။ အဲဒီကနေ ငှက်ပျောလျှော်နဲ့ မြက်ကထွက်တဲ့ပစ္စည်းတွေ တင်ပို့ရောင်းချနိုင်ဖို့ လက်မှတ်ထိုးဖြစ်ခဲ့တာပါ။ ဒီလုပ်ငန်းကနေ ဒေသခံတွေအလုပ်အကိုင်ဖန်တီးပေးနိုင်လို့ ဝမ်းသာကျေနပ်ရပါတယ်။ စွန့်ပစ်ပစ္စည်းကနေ လူသုံးကုန်ပစ္စည်းတွေ ဆက်ထုတ်ချင်ပါတယ်"ဟု Green Banana Myanmar တည်ထောင်သူ ဦးမြင့်သိန်းက ပြောသည်။

Green Banana Myanmar အနေဖြင့် ငှက်ပျောလျှော်နှင့် မြက်မှ ခေါင်းအုံး၊ ဦးထုပ်၊ ပုဝါ၊ အိတ်၊ ဖိနပ်၊ ဖျာ ဒီဇိုင်းမျိုးစုံနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး အဆိုပါ လက်မှုပစ္စည်းများကို HeilongJiang ကုန်သည်ကြီးများအသင်းက တရုတ်နိုင်ငံ ပြည်နယ်လေးခုရှိ အခြားကုမ္ပဏီများနှင့် အဖွဲ့အစည်းများထံ ရောင်းချသွားမည်ဖြစ်ကာ လာမည့်ဩဂုတ်လတွင် တင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ-ကန္နီး**



ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက တောရကျောင်းတိုက်ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပစဉ်။

အောင်သူ(ပြန်/ဆက်)

ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက နွယ်ငြိမ်းတောင်ပေါ် ကျောင်းဝင်းအတွင်း ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် ခရိုင်/ မြို့နယ် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးကြစဉ်။

ရေဦးသာ





အခြေခံပညာကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဇွန် ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် စိတ်ကူးသစ်ကိုယ်ပိုင်အထက်တန်းကျောင်းအားကစားရုံ၌ ကျင်းပစဉ်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်တွင်း/ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-1)ရှိ ပြည်တွင်း/ ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။



**ဆွေးနွေး**

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ ပြည်တွင်း/ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါတွေ့ဆုံပွဲသို့ သီးခြားဖိတ်ကြားထားသည့် အလုပ်သမားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းတို့ကလည်း ယခင်လုပ်ငန်းအတွေ့အကြုံများအရ လုပ်ဆောင်သင့်သည့် လုပ်ငန်းများ၊ ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကော်မတီများ၏ လုပ်ပိုင်ခွင့်၊ တာဝန်နှင့် အခွင့်အရေးများဆိုင်ရာကိစ္စရပ်များ၊ ကော်မတီတွင်ပါဝင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့် စွမ်းဆောင်ရည်မြှင့်မားရေးနှင့် ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာဆည်းပူးသွားကြရန်နှင့် အစိုးရအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ပြည်သူ့လွှတ်တော်တွင် လွှတ်တော်လုပ်ငန်းစဉ်များကို အထောက်အကူပြုရန် အမြဲတမ်းကော်မတီ လေးခုအပါအဝင် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ယင်းကော်မတီများအနက် ယနေ့တွေ့ဆုံသော ပြည်တွင်း/ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီသည် အရေးပါသည့် ကော်မတီတစ်ခုဖြစ်ပါကြောင်း၊ မည်သည့်ကော်မတီမဆို လွှတ်တော်အားအထောက်အကူပြုသည့် ဒေါက်တိုင်များဖြစ်ပြီး လွှတ်တော်ငယ်များဟုလည်း ခေါ်ဆိုနိုင်ကြပါကြောင်း၊ အလုပ်သမားကိစ္စအား စဉ်းစားရာတွင် ပြည်တွင်းရှိ ကာယ၊ ဉာဏ အလုပ်သမားများ၊ ပြည်ပသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားအလုပ်သမားများနှင့် ပြည်ပရှိ အလုပ်သမားများက မိခင်နိုင်ငံသို့ လုပ်ခလစာများ ပြန်လည်လွှဲပြောင်းပေးပို့သည့် (Remittances) များဟူ၍ အဓိကအပိုင်းသုံးပိုင်းကို အလေးထားစဉ်းစားရန်ဖြစ်ကြောင်း။

ပြည်တွင်းအလုပ်သမားများနှင့် ပတ်သက်၍ ၎င်းတို့၏ ခံစားခွင့်၊ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီဖြစ်စေရေး လေ့လာကြရန်လိုကြောင်း၊ နောက်ထပ်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုမှာ နိုင်ငံတော်တွင် ပြည်တွင်း တည်ဆဲဥပဒေ ၄၁၉ ခု၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဥပဒေ ၁၂၀ ခန့်ရှိကြောင်း၊ ယင်းဥပဒေများကို သက်ဆိုင်ရာကော်မတီအလိုက် ဖြန့်ခွဲပေးမည်ဖြစ်၍ ယင်းဥပဒေများကို ခေတ်ကာလအခြေအနေနှင့် လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ်ပြဋ္ဌာန်းခြင်း စသည့် လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေမှာ ၅၁ သန်းကျော်ရှိသည့်အနက် ခန့်မှန်းခြောက်သန်းကျော်ခန့်သည် ပြည်ပသို့ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်ဟု စာရင်းဇယားများအရ သိရှိရကြောင်း၊ ဤမျှများပြားသောပမာဏရှိသည့် အလုပ်သမားများအတွက် ဥပဒေအရ အကာအကွယ်ရရှိရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စသည့် သက်ဆိုင်သော ဝန်ကြီးဌာနများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေး၍ ပြည်ပရှိအလုပ်သမားများအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းရန်လိုကြောင်း။

ပြည်ပရှိ အလုပ်သမားများအတွက် အကာအကွယ်ပေးရန် အနိမ့်ဆုံးအဆင့်ကော်မတီနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်လိုကြောင်း၊ ဥပဒေများကို ပြင်ဆင်ရေးဆွဲရာတွင် ILO စံချိန်စံညွှန်းများကိုပါ လေ့လာ၍ ဂရုပြုရေးဆွဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ပရှိ အလုပ်သမားများနှင့်ပတ်သက်၍ အလုပ်အကိုင် ရှာဖွေဆောင်ရွက်နေသောအေဂျင်စီများ၏ လုပ်ငန်းစဉ်များကိုလည်း စနစ်တကျလေ့လာသုံးသပ်၍ နိုင်ငံအတွက် နစ်နာမှုမရှိရအောင် ကြိုးပမ်းဆောင်ရွက်သွားရေးလုပ်ငန်းများကိုလည်း အလေးအနက်ထားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး (၁/ ၂၀၂၆) ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

အရွယ် မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး( ၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်အဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် စသည့် ကော်မတီ၏ ရည်ရွယ်ချက်သုံးရပ်ဖြင့် တပ်မတော်အတွင်း အသက် ၁၈ နှစ်မပြည့်သူများ စစ်မှုထမ်းဆောင်မှု မရှိစေရေး ဆောင်ရွက်လျက်ရှိရာ ကော်မတီ စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ၂၂ နှစ်ကျော်ကာလရှိပြီဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်(Plan of Action) ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီနှင့် CTFMR တို့ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇွန်လအထိ CTFMR မှပေးပို့လာသည့် သံသယဖြစ်ဖွယ်စစ်သည် ၂၃၇၇ ဦးအနက် သံသယစာရင်းမှ ပယ်ဖျက်ရန် စိစစ်ဆဲ ၁၆ ဦးသာ ကျန်ရှိပါကြောင်း။

ထို့အပြင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များမပါရှိစေရေး စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ အမှတ်စဉ်(၂၄)အထိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များက အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းဆင့်ခေါ်ခဲ့သည့် အသက် ၁၈ နှစ်မပြည့်သူ စုစုပေါင်း ၁၁၃ ဦးကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ မှတစ်ဆင့် မိဘ/အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ခဲ့ပါကြောင်း။

တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်း မရှိစေရေး ကော်မတီ၏လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုပါကြောင်း၊ တပ်မတော်အတွင်း အသက်မပြည့်စစ်သည်များ မှားယွင်းစုဆောင်းမှုများရှိပါက တပ်မတော်သာမက နိုင်ငံတော်၏ပုံရိပ်ကိုပါ ကျဆင်းစေနိုင်သည့်အတွက် တပ်မတော်အတွင်း ကလေးစစ်သည်များ ဝင်ရောက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက်မပြည့် ကလေးသူငယ်များ မပါရှိစေရေးကိုလည်း ကော်မတီဝင်များက မိမိတို့ရုံး/ဌာနအလိုက် သက်ဆိုင်ရာဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများအား အသိပညာပေးဟောပြောပို့ချမှုများကို အရှိန်အဟုန်ဖြင့် အမှန်တကယ် လုပ်ဆောင်သွားရန်လိုပါကြောင်း ပြောကြားသည်။



ထို့နောက် အစည်းအဝေး တက်ရောက် လာကြသည့် ကော်မတီဝင်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းရန် မှားယွင်းစုဆောင်းမှုမရှိစေရေး ကြိုတင်ကာကွယ် တားဆီးခြင်းများကို ဦးစားပေး အလေးထားစီမံဆောင်ရွက်သွားရန် လိုပါကြောင်းနှင့် ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်သွားရန် လိုပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး**

နေပြည်တော် ဇူလိုင် ၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၂ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်းက လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development–JCC) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်၁၆ဦး၊ ဥက္ကဋ္ဌအဖြစ်ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်း၊ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်ဟိန်း၊ တွဲဖက်အတွင်းရေးမှူး(၁) အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးနိုင်ထွန်း၊ တွဲဖက်အတွင်းရေးမှူး(၂)ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထိုက်နှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းများကို တင်ပြပြီး ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ၏အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက မြန်မာ–ဘယ်လာရုစ် နှစ်ထပ် အခွန်ကင်းလွတ်ခွင့်(DTA) စာချုပ်ချုပ်ဆိုခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးကျေးဇူးများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာခြင်း၊ ခေတ်မီနည်းပညာနှင့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်း၊ မျှတသော အခွန်နှုန်းထားနှင့် ကုန်ကျစရိတ်သက်သာစေခြင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများရရှိစေခြင်းတို့ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို စီးပွားရေးမြှုပ်နှံမှုပိုမိုရောက်ရှိလာမည်ဖြစ်သည့်အတွက် အခွင့်အလမ်းများပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာ–ဘယ်လာရုစ် (DTA) စာချုပ်သည် အခွန်ကောက်ခံရုံသက်သက်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာကူးပြောင်းရယူမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးမှုအတွက် မရှိမဖြစ်လိုအပ်သော တရားဝင်စီးပွားရေးတံတားတစ်စင်း ချိတ်ဆက်လိုက်ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ရေရှည်စီးပွားရေးအကျိုးစီးပွားကို ရှေးရှုလျက် ဘယ်လာရုစ်နိုင်ငံသို့ မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာ ပေးပို့နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏သဝဏ်လွှာအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက မိမိတို့နိုင်ငံအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် မဟာဗျူဟာမိတ်ဖက်အဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခြင်းဖြင့် သိပ္ပံနှင့်နည်းပညာကဏ္ဍများ၊ စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုများ၊ စက်မှုပစ္စည်းနည်းပညာအကူအညီများ၊ နိုင်ငံရေးနှင့် သံတမန်ရေးရာ အကျိုးဆက်ကောင်းများ တိုးတက်ရရှိနိုင်မည့်အပြင် နိုင်ငံသားများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

စာချုပ်ချုပ်ဆိုခြင်းဖြင့် ဝင်ငွေတစ်ခုအတွက် အခွန်နှစ်ထပ်ကျသင့်ခြင်းကို ရှောင်ရှားနိုင်ခြင်း၊ အခွန်လိမ်လည်မှုနှင့် အခွန်ရှောင်မှုများကို ထိရောက်စွာ ကာကွယ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ရန် အကူအညီဖြစ်စေပြီး အခွန်စီမံခန့်ခွဲမှု ကောင်းမွန်စေခြင်း၊ ရှင်းလင်းတည်ငြိမ်သော စည်းမျဉ်းစနစ်ဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် ဥပဒေရေးရာ အခြေခံအုတ်မြစ်ဖြစ်လာနိုင်ပြီး သတ်မှတ်ဝင်ငွေအမျိုးအစားများအတွက် အခွန်သက်သာခွင့်စသည့် သီးခြားဝင်ငွေအမျိုးအစားများအတွက်လည်း သက်သာသည့် အခွန်နှုန်းများရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ယခုစာချုပ်သည် မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၀၈)(က,ခ)၊ ပုဒ်မ(၂၀၉)(က)၊ ပုဒ်မ (၂၉၅)(က–၁)နှင့် ပုဒ်မ(၄၅၆)တို့အရ ညီညွတ်ကိုက်ညီမှုရှိပြီး မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသော စာချုပ်တစ်ရပ်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်က သဘောတူစာချုပ်များသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံနှစ်ခုလုံးအပေါ် အခွန်ကောက်ခံပိုင်ခွင့်များကို ခွဲဝေပေးပြီး အဆိုပါနိုင်ငံနှစ်ခုအတွက် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးသည်ကို တွေ့ရှိရပါကြောင်း၊ စာချုပ်၏ အဓိကပြဋ္ဌာန်းချက်များသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံတစ်ခု သို့မဟုတ် နှစ်ခုလုံးတွင် နေထိုင်သည့်အခွန်ထမ်းများကို အကျိုးကျေးဇူးရရှိရန် ရည်ရွယ်ချုပ်ဆိုလေ့ရှိသောကြောင့် မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပေါ်ထွန်းလာစေမည်ကို သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် ရွေးကောက်ခံအစိုးရသစ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုရန်အတွက် လွှတ်တော်မှ သဘောတူလက်ခံပေးရမည်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၏ တာဝန်ဖြစ်သကဲ့သို့ ပါဝင်ထောက်ခံပေးရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ဘယ်လာရုစ်နိုင်ငံသည် စက်မှုလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်းနှင့် နည်းပညာပိုင်းတွင် အဆင့်မြင့်မားသော နိုင်ငံဖြစ်သည့်အတွက် ယခုကဲ့သို့ အခွန်နှစ်ထပ်ကျမှုရှောင်ရှားရေးစာချုပ်ကို အတည်ပြုပြီး မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာကို အမြန်ဆုံးပေးပို့ခြင်းအားဖြင့် နှစ်နိုင်ငံသံတမန်ရေးရာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နောင်တွင် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များက မိမိတို့နိုင်ငံရှိ ငါးကန်၊ ပုစွန်ကန်တို့ကို အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာပါက ၎င်းကန်များအား စာချုပ်ပါ Article 5 အရ အမြဲတမ်းလုပ်ငန်းတည်ရာဌာန (Permanent Establishment)အဖြစ် တိကျစွာသတ်မှတ်ပြီး Article 6 နှင့် Article 7 ပြဋ္ဌာန်းချက်များကိုပေါင်းစပ်ကာ မိမိတို့မြန်မာနိုင်ငံဘက်က အခွန်အပြည့်အဝ စည်းကြပ်ကောက်ခံပိုင်ခွင့်ရှိကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဥပဒေကြောင်းအရ ကြိုတင်သတိပြုပြင်ဆင်ထားရန် ဖြည့်စွက်တိုက်တွန်းလိုပါကြောင်း။

စာချုပ်ပါ Article ၃၂ ခုစလုံးသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး နိုင်ငံတော်အတွက် အကျိုးရှိသည့်အတွက် ဤသဘောတူစာချုပ်အား အတည်ပြုရန်နှင့် စာချုပ်အသက်ဝင်မည့် အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်နိုင်ငံသို့ အမြန်ဆုံးပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်ရန်မရှိဘဲ အတည်ပြုပေးပါရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်များချုပ်ဆိုရာတွင် နှစ်နိုင်ငံအကြားရှိ သံတမန်ဆက်ဆံရေးကောင်းမွန်မှု၊ စီးပွားရေးဆက်ဆံမှု၊ ကုန်သွယ်မှုပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊ မိမိတို့နိုင်ငံ၏ အခွန်ဘဏ္ဍာငွေများအပေါ် သက်ရောက်မှုအနည်းဆုံးဖြစ်စေနိုင်မည့် နိုင်ငံများကို ရွေးချယ်၍လည်းကောင်း စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကို နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ် ချုပ်ဆိုထားခြင်းဖြင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်မှုရှိသော စီးပွားရေးနှင့် အခွန်စနစ် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် နိုင်ငံနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်လာစေနိုင်ခြင်း၊ အခွန်ဌာနများအကြား သတင်းအချက်အလက်ဖလှယ်မှုများ တိုးတက်လာပြီး အခွန်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်သဖြင့် အခွန်လိုက်နာမှု မြင့်မားလာစေနိုင်ခြင်း၊ နိုင်ငံနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပါက အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးနိုင်ရေးနှင့် အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးတို့အတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်အား အကျိုးသက်ရောက်စေရေး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုနိုင်ရန်နှင့် မြန်မာနိုင်ငံဘက်က အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံဘက်သို့ ပေးပို့နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၉ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၇ သို့** ❐



❒ စာမျက်နှာ ၆ မှ

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ (၁)လ ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်(၁)လ ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်းပြီး တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက LNG အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကို (၁)လ ခွင့်ပြုခြင်းသည် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ LNG အသုံးပြုမှုမြှင့်တင်ခြင်းသည် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် လောင်စာရင်းမြစ်များ ခွဲဝေအသုံးပြုနိုင်ရေး (Energy Diversification) နှင့် စွမ်းအင်လုံခြုံရေး (Energy Security) ကို တိုးတက်စေမည်ဖြစ်ပါကြောင်း။

Premium Diesel သည် သန့်ရှင်းသောလောင်စာဖြစ်ပြီး စွမ်းအင်ထိရောက်မှု၊ အင်ဂျင်သက်တမ်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပိုမိုကောင်းမွန်ပါသဖြင့် Premium Diesel ကိုပါ ခွင့်ပြုပေးမည်ဆိုပါက ပိုမိုသန့်ရှင်းသည့် စွမ်းအင်ကို အားပေးခြင်းဖြစ်သဖြင့် စက်ကိရိယာနှင့် ပတ်ဝန်းကျင်သက်ရောက်မှုအပေါ် များစွာသက်သာစေပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ သက်သာချောင်ချိရေး၊ စွမ်းအင်လုံခြုံရေး၊ ရေရှည်အခွန်အခြေခံခိုင်မာရေးတို့ကို ရည်ရွယ်သည့် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) ဈေးနှုန်းတည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အားခဈေးနှုန်း မြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်၍ ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်း မြင့်တက်နေမှုသည် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက်ရိုက်ခတ်မှုရှိနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု စားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းညှိဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်း ဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများကို လစဉ်စိစစ်သုံးသပ်လျက်ရှိပြီး လိုအပ်ပါက ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်အထိ (၁)လ ထပ်မံ၍ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ တိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်အထိ (၁)လ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးတို့အတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၃၁ မဲ၊ ကြားနေမဲ လေးမဲဖြစ်၍ ထောက်ခံမဲများသဖြင့် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆုက ထိုတူညီဆန္ဒ ငါးချက်ထုတ်ပြန်မည်ကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်အသိပေးညှိနှိုင်းခဲ့ခြင်း မဟုတ်ဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌကြေညာချက်၏ နောက်ဆက်တွဲအဖြစ်သာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်အနေဖြင့် ချမှတ်ခဲ့ခြင်း မဟုတ်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံ ထုတ်ပြန်ချက်(၅)ရပ်သည် မြန်မာနိုင်ငံအတွက် ဥပဒေအရ စည်းနှောင်မှုမရှိပါကြောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံအချို့က မိမိတို့ဆန္ဒအလျောက် မြန်မာနိုင်ငံကို ခွဲခြားဆက်ဆံပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါကြောင်း။

အာဆီယံအနေဖြင့်လည်း မြန်မာပြည်သူများအပေါ် စေတနာသဘောထားမှန်ကန်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူနိုင်ငံသားများအတွက် အမှန်တကယ် အပြုသဘောဆောင်သော အပြောင်းအလဲနှင့် တိုးတက်မှုများကို အလိုရှိပါက မြန်မာပြည်သူလူထုအတွက် တကယ်တမ်းသက်ရောက်မှုရှိပြီး လက်တွေ့ကျသော ချဉ်းကပ်မှုများ (Practical and Realistic Approaches) ကိုသာ အဓိကထားဦးစားပေးဆောင်ရွက်သင့်ပါကြောင်း။

ပြည်သူ့ဆန္ဒအရ ရွေးကောက်ထားသော ရွေးကောက်ခံအစိုးရကို အသိအမှတ်မပြုခြင်းသည် ရွေးကောက်ပွဲကို မလေးစားခြင်းနှင့် ထိုရွေးကောက်ပွဲတွင် တက်ကြွစွာ ပါဝင်မဲပေးခဲ့သော ပြည်သူပြည်သားများကို အလေးမထားခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိဆောင်ရွက်နေသော အရေးယူမှုများဖြင့်သာမက ရှေ့ဆက်လက် ထိရောက်သည့် လက်တွေ့ကျသော အစီအမံများဖြင့် တုံ့ပြန်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွန်းအောင်က အာဆီယံ ထုတ်ပြန်ချက် (၅)ရပ်အပေါ် လေ့လာကြည့်ပါက ပထမအချက်တွင် “မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်နှင့် သက်ဆိုင်သူများအားလုံး အနေဖြင့် အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ရန်” ဟုဖော်ပြထားပါကြောင်း၊ တပ်မတော်အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်နေသောအဖွဲ့များအပေါ်တွင်သာ တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အေးချမ်းစွာနေထိုင်သော ပြည်သူများ၊ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော EAOs အဖွဲ့များနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဒုတိယအချက်ဖြစ်သည့် “ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသော အဖြေရရှိရန် သက်ဆိုင်သူများအားလုံးအကြား အပြုသဘောဆောင်ဆွေးနွေးပြုလုပ်ရန်”အချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း NCA လက်မှတ်ရေးထိုးပြီးနှင့် မပြီးသေးသော EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းများ တွေ့ဆုံဆွေးနွေးမှု ၁၆၃ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ခံအစိုးရသစ်လက်ထက်တွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရက် ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း၊ ငါးနှစ်အတွင်း တည်ငြိမ်အေးချမ်းအောင် ရည်မှန်းချက်ထား ဆောင်ရွက်ခြင်းများ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယအချက်ဖြစ်သည့် “အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် ဆွေးနွေးမှုလုပ်ငန်းစဉ်များ၌ ကြားဝင်ဖျန်ဖြေဆောင်ရွက်ပေးရန်” နှင့် ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း လာရောက်စဉ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၃၉ ပါတီမှ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံဆွေးနွေးနိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စတုတ္ထအချက်ဖြစ်သည့် “AHA Centre မှ တစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန်”နှင့် ပတ်သက်၍ ASEAN Task Force ကို ဖွဲ့စည်းပြီး လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဉ္စမအချက်ဖြစ်သည့် “အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့များသည် သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံရန်အတွက် မြန်မာနိုင်ငံသို့ သွားရောက်ရန်”နှင့်ပတ်သက်၍ အထူးကိုယ်စားလှယ် လေးဦး မြန်မာနိုင်ငံသို့ ရှစ်ကြိမ်လာရောက်ခဲ့ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ပါကြောင်း။

အာဆီယံ ထုတ်ပြန်ချက်(၅)ရပ်နှင့်ပတ်သက်ပြီး အထက်ဖော်ပြပါအချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အာဆီယံအပေါ် မိတ်ဝတ်မပျက် ဆက်ဆံပြီး အလေးထား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် ရွေးကောက်ခံပြည်ထောင်စုအစိုးရနှင့် တပ်မတော်တို့အနေဖြင့် အကြမ်းဖက်မှုပပျောက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသောကြောင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် သီးခြားအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မဟုတ်ဘဲ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပြည်သူလူထုတို့၏ ထောက်ခံအားပေးမှုစွမ်းအားဖြင့်သာ ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ အာဆီယံ၏ အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အခြေခံမူနှင့် ကွဲလွဲလျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ တန်းတူညီမျှမှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို လေးစားစေလိုသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့်လည်းကောင်း အာဆီယံထုတ်ပြန်ချက် (၅) ရပ်အား သုံးသပ်ဆောင်ရွက်နိုင်ရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လေးစားလိုက်နာလျက်ရှိပြီး အာဆီယံရေးရာကိစ္စများကိုလည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိသည့် မြန်မာအစိုးရနှင့် တပ်မတော်အား မသင့်လျော်သည့် သုံးနှုန်းဖော်ပြချက်များကိုလည်း ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၀)နိုင်ငံစလုံးပါဝင်သည့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကိုသာ လက်ခံမည်ဖြစ်ပါကြောင်း၊ အာဆီယံပဋိညာဉ်ပါပြဋ္ဌာန်းချက်နှင့် အခြေခံမူကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် တောင်းဆိုလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် တစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွား၊ ဒေသအတွင်း အကျိုးစီးပွား ဖြစ်ထွန်းရေးကိုသာ ရေးရှုပြီး အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ASEAN Charter ၏ အခြေခံမူများနှင့် ပြဋ္ဌာန်းချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး မတိမ်းမစောင်းဘဲ လိုက်နာဆောင်ရွက်ရန်၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ဘဲ နိုင်ငံတစ်နိုင်ငံချင်း၏ အချုပ်အခြာအာဏာကို လေးစားရန် (Non – Interference)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အဆင့်အတန်းတူစွာ ကိုယ်စားပြုရေးဆိုသည့် ASEAN Charter အပိုဒ် (၅) ပြဋ္ဌာန်းချက်ကို လေးစားလိုက်နာရန်၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်မပြုရန်နှင့် AIPA အာဆီယံပါလီမန်များ ညီလာခံ အဖွဲ့ဝင်နိုင်ငံများရှိ ပါလီမန်အမတ်များအား မိမိတို့နိုင်ငံ၏ ပကတိအရှိတရားများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာရန်နှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အကြံပြုတိုက်တွန်းလိုပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက ရွေးကောက်ခံ နိုင်ငံတော်အစိုးရနှင့် နိုင်ငံ၏ လွှတ်တော်တို့သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို မီးမောင်းထိုးပြနေပါကြောင်း၊ မြေပြင်ပကတိအရှိတရားကို မျက်ကွယ်ပြုပြီး အာဆီယံ ထုတ်ပြန်ချက်(၅)ရပ် ပေါ်ပေါက်လာခြင်းက ဖြစ်သင့်သောကိစ္စမဟုတ်ပါကြောင်း၊ သို့ပါ၍ နိုင်ငံအချင်းချင်း တန်းတူညီမျှစွာ ပို၍ချစ်ကြည်ရင်းနှီးရန်နှင့် အကြမ်းဖက်မှုမှန်သမျှ ရပ်တန့်သွားစေရန် မူလအာဆီယံ၏ ရည်ရွယ်ချက်အတိုင်း နိုင်ငံအချင်းချင်း ပူးပေါင်းလုပ်ဆောင်ရေးကို အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံအချင်းချင်း အပြုသဘောဆွေးနွေးမှု၊ ညှိနှိုင်းမှုတို့ လိုအပ်ပါကြောင်း၊ မလိုမုန်းထားစိတ်ဖြင့် အာဆီယံဒေသတွင်းသာမက ကမ္ဘာ့အကျိုးကိုပါ မျက်ကွယ်ပြုနေခြင်းသည် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေတတ်ပါကြောင်း။

အဆိုပါ အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံနိုင်ငံအချင်းချင်း ရင်းနှီးမှု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကျိုးလိုလားမှု၊ ဘုံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ အာဆီယံအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှု၊ အာဆီယံပြည်သူအချင်းချင်း ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာကို လေးစားတတ်မှု၊ တန်ဖိုးထားမှုစသည့် ဖြစ်တည်မှုအခြေအနေများနှင့် အာဆီယံ၏ စွမ်းရည်များကို အမှန်တကယ် ကျဆင်းစေမည်သာဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း၏ အမျိုးသားစရိုက်လက္ခဏာများကိုပါ ပျက်စီးစေသည့်အတွက် အာဆီယံဆိုင်ရာ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းနှင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးရန် ဆန္ဒပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ကွန်ဟိန်း မဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံချမှတ်ထားသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို လိုက်နာပြီး **စာမျက်နှာ ၈ သို့** ❒

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၄**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ပါတီတစ်ခုသည် -

(က) ယင်းပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်း ပြုလျှင်သော်လည်းကောင်း၊ နိုင်ငံရေးဝါဒသဘောတရားကို ပြင်ဆင်လျှင်သော်လည်းကောင်း အဆိုပါ ပြင်ဆင်ချက်များကို ကော်မရှင်သို့ တင်ပြရမည်။ ယင်းတင်ပြချက်များကို ကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ ခွင့်ပြုပြီးမှသာလျှင်ဆက်လက်ဆောင်ရွက်နိုင်သည်။

( ခ ) နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ၁၅ ဦးထက်မနည်းသော ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းအား ကော်မရှင်သို့ တင်ပြရမည်။

( ဂ ) ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အမည်စာရင်း ပြောင်းလဲပါက ကော်မရှင်သို့ ၇ ရက်အတွင်း တင်ပြရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အရည်အချင်းနှင့် ပြည့်စုံသူကိုသာ ပါတီနာယကနှင့် ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၅ နည်းဥပဒေခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) နည်းဥပဒေခွဲ(ဃ)အရ အလိုအလျောက်ပယ်ဖျက်လိုက်သည့် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး၏ ဆက်လက်ရပ်တည်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကော်မရှင်ကဆုံးဖြတ် သတ်မှတ်ပေးရမည်။"

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❒ **စာမျက်နှာ ၇ မှ**

ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘောတူညီချက်ချမှတ်ထားသော ရည်ရွယ်ချက်နှင့် အခြေခံမူများကို တိကျစွာ လိုက်နာကျင့်သုံးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ဆက်ဆံကြရန် လိုအပ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီမှုမပါရှိသော အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို အာဆီယံဥက္ကဋ္ဌက ထုတ်ပြန်ကြေညာခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးပြီး နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ်လုပ်ကိုင်လိုသည့် ထုတ်ပြန်ကြေညာချက်မျိုးဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးကို မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် လေးစားသော်လည်း အချို့နိုင်ငံများ၏ အကြီးအကဲ ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၏ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုများကို အခြေခံပြီး လေးစားမှု မရှိကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ယခုအချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ဖွဲ့စည်းသည့် အစိုးရသစ်တစ်ရပ် တရားဝင်ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးကို အလေးထားပြီး အာဆီယံထုတ်ပြန်ချက်(၅)ရပ်အပေါ် ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျွန်းစု မဲဆန္ဒနယ်မှ ဦးအောင်ကျော်နှင်းက အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အခန်း (၇) ပါ ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူနှင့် အာဆီယံပဋိညာဉ်စာတမ်း နှစ်ခုလုံးတွင်ပါရှိသည့် အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူများကို ဖောက်ဖျက်နေပါကြောင်း၊ မြန်မာအစိုးရခေါင်းဆောင်များကို အာဆီယံထိပ်သီးအစည်းအဝေးများမှ ဖယ်ကြဉ်ရန် သဘောတူညီချက်၊ ကန့်သတ်ချက်များထားရှိခြင်း၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းတို့သည် အာဆီယံပဋိညာဉ်စာတမ်းကို ဖောက်ဖျက်ကာ ပြည်တွင်းရေးကို စွက်ဖက်ခြင်းပင်ဖြစ်ပါကြောင်း၊ "သဘောတူညီမှုဖြင့် ဆုံးဖြတ်ခြင်း" ဆိုသည့်မူကို အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်း သဘောထားကွဲလွဲမှုကို ပိုမိုပေါ်လွင်စေပါကြောင်း၊ အာဆီယံ၏ အခန်းကဏ္ဍသည် ဖျန်ဖြေရေးသာဖြစ်ပြီး မြန်မာ့ပြည်တွင်းရေးတွင် တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခွင့်မရှိပါကြောင်း၊ အာဆီယံ၏ စည်းရုံးညီညွတ်မှုကိုပါ စိန်ခေါ်နေသည့်အခြေအနေကို ဖန်တီးနေပါကြောင်း။

ထို့ကြောင့် အာဆီယံ၏ ဒေသတွင်း ဗဟိုချက်ကျမှု(centrality)ကို အားနည်းစေပြီး အခြားသော အင်အားကြီးနိုင်ငံများအတွက် ဩဇာလွှမ်းမိုးနိုင်သည့် နေရာတစ်ခု ဖန်တီးပေးလိုက်သည်ဟု သုံးသပ်၍ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တာဝန်ဝတ္တရားများကို အစဉ်တစိုက်ဖြည့်ဆည်းဆောင်ရွက်ခဲ့သော်လည်း အာဆီယံဘက်မှ ခွဲခြားဆက်ဆံမှုများကြောင့် အပြုသဘောမဆောင်ကြောင်းကို ထောက်ပြလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် အလွန်အရေးကြီးပါကြောင်း၊ လူတစ်ဦး၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရ အခြားသူ၏အမိန့်ကိုမနာခံဘဲ မိမိ၏ အနာဂတ်ကို မိမိရွေးချယ်နိုင်သည့် ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုကို ကိုယ်စားပြုပြီး အချုပ်အခြာအာဏာသည် အားနည်းချိန်တွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပျောက်ဆုံးလေ့ရှိပြီး ပြန်လည်ရရှိရန် အသက်၊ သွေး၊ ချွေး၊ မျက်ရည်၊ ဘဝနှင့် မျိုးဆက်ပေါင်းများစွာရင်းပြီး ကြိုးပမ်းကြရပါကြောင်း၊ အချုပ်အခြာအာဏာသည် တန်ဖိုးဖြတ်၍ မရ၊ အလဲအလှယ်လုပ် မရနိုင်သော အရာ တစ်ခုဖြစ်ပါကြောင်း၊ အာဆီယံကို မိသားစုဟု ထင်မြင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကောင်းကွက်များကို မမြင်ဘဲ အပြုသဘောဆောင်ခြင်းများကို မျက်ကွယ်ပြုနေပါကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာ အချုပ်အခြာအာဏာနှင့် ကံကြမ္မာကို ထိပါးစေသည့် ထုတ်ပြန်ချက်ကို ထိရောက်ပြတ်သားစွာ အမြန်ဆုံး တုံ့ပြန် ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဇူလိုင် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်( ၆ )အခြေခံပညာမူလတန်းကျောင်းဝင်းတွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်တထောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မိုးကျော်၊ ဗိုလ်တထောင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့်အဖွဲ့ဝင်များ၊ ဗိုလ်တထောင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခိုင်ခိုင်ရှိန်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာထွန်းနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပျိုးပင်များအား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကျင်းပ

**မန္တလေး ဇူလိုင် ၂**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီက ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) တို့ ပူးပေါင်းကျင်းပသည့် "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ၏ အခန်းကဏ္ဍ လူငယ်စကားဝိုင်း" ကို ယနေ့ နံနက် ၉ နာရီတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကားပြောကြားပြီး ရတနာပုံတက္ကသိုလ်သို့အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် လူငယ်ကိုယ်စားလှယ်များအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူငယ်ကိုယ်စားလှယ် ငါးဦးက "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းဆွေးနွေးပြီး လူငယ်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနရုံး ဆောက်လုပ်ရန် လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

နေပြည်တော် ဇူလိုင် ၂

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီးဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့နေထိုင်သည့် ကမ္ဘာမြေအဝှမ်းတွင် နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေကြရသည့် ပြဿနာသည် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံ မျိုးကွဲများဆုံးရှုံးခြင်း အစရှိသည့်ကြီးမားသော သဘာဝဘေးအန္တရာယ်ပင် ဖြစ်ကြောင်း၊ အဆိုပါ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန်အတွက် အရိုးရှင်းဆုံးနည်းလမ်းသည် သစ်ပင်များ စိုက်ပျိုးရန်နှင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများကို အဆိပ်အတောက် ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကို ဖယ်ရှားသန့်စင်ပေးပြီး သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်နေနိုင်ရန်အတွက် များစွာအရေးပါသည့် အောက်ဆီဂျင်ကိုလည်း ထုတ်လွှတ်ပေးနေသည့်အပြင် ရာသီဥတုမျှတစေရန်၊ မြေဆီလွှာပျက်စီးမှု လျော့ပါးစေရန်၊ ရေကြီးရေလျှံမှုများကို ကာကွယ်ပေးရန် စသည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက်လည်း ကြီးမားသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်ကို အားလုံးသိရှိထားရန် လိုကြောင်း။

မိမိတို့ ဗုဒ္ဓဘာသာအရ သစ်ပင်စိုက်ပျိုးခြင်းသည် မွန်မြတ်သည့် ကုသိုလ်တစ်ပါးဖြစ်ပြီး ထာဝရကုသိုလ် သို့မဟုတ် နိစ္စကုသိုလ် (နေ့စဉ်အကျိုးပေးတဲ့ ကုသိုလ်) ဟု ခေါ်ဆိုနိုင်ခြင်း ဖြစ်သည့်အတွက် ထူးကဲမွန်မြတ်ပြီး တန်ဖိုးဖြတ်မရသည့် ကုသိုလ်ပြုခြင်းတစ်မျိုးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ လူသားတို့နေထိုင်ရာ ကမ္ဘာမြေပေါ်တွင် သစ်ပင်၊ သစ်တောများ ရှင်သန်နေခြင်းသည် "အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်ကာလ၏ အကျိုးစီးပွား၊ အနာဂတ်ကာလ၏ ဖွံ့ဖြိုးမှု"ဟု ဆိုထားသည့်အတိုင်း နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာ ဖူလုံစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများ အနက် သစ်တောဖုံးလွှမ်းမှု ဧရိယာ ဒုတိယအများဆုံးနိုင်ငံ ဖြစ်သော်လည်း အပူပိုင်း ၁၃ ခရိုင် အပါအဝင် မြေလတ်ဒေသ မြို့ကြီးများတွင် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း ယခုအခါ နည်းပါးသည်ကို တွေ့နေရကြောင်း၊ မကြာသေးမီနှစ်များက စတင်ပြီး အလယ်ပိုင်းမြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်ဆုံးစာရင်းဝင်သည်အထိ အပူချိန်တိုးလာခဲ့ကြောင်း၊ ၎င်းသည် သစ်ပင်သစ်တောနည်းပါးခြင်း၏အကျိုးဆက်ပင်ဖြစ်ကြောင်း၊ ရာသီဥတု ပူပြင်းလာသည်နှင့်အမျှ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး သဲကန္တာရဖြစ်ထွန်းမှု အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် သစ်တောဖုံးလွှမ်းမှု သိသာထင်ရှားစွာတိုးလာစေရန် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို သာမက နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့် ၂၀၁၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ စုစုပေါင်း (၄၅) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ရတနာတန်းဝင်၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင်စသည့် အပင်မျိုးစုံ ၂၁၀၈၂၅ ပင်ကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၃၀၀ မဟော်ဂနီပင် ၆၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်း ၂၄၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုလို သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပနေခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိမ်းလန်းသည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းထက် စိုက်ပျိုးပြီးနောက် ရှင်သန်ကြီးထွားလာစေရန် ပြုစုစောင့်ရှောက်ခြင်းကလည်း ပိုပြီးအရေးကြီးကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်၍ သစ်ပင်စိုက်ပျိုးရာတွင် တာဝန်ကျေစိုက်ပြီးပစ်ထားသည့် စိုက်ပျိုးခြင်းမျိုး မဟုတ်ဘဲ "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စီမံချက်ချပြီး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

လက်ရှိကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များအရ လူသားအားလုံး သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခံစားနေရမှု လျော့ပါးသက်သာစေရေး၊ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေးတို့အတွက် သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်းကို မှာကြားလိုကြောင်း၊ ထို့ကြောင့် "သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်နိုင်ငံလုံး စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ ရာသီဥတု ပြန်လည်မျှတကောင်းမွန်စေရေးနှင့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်များ စဉ်ဆက်မပြတ် တည်တံ့စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်သွားကြရမည် ဖြစ်ကြောင်း။

သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းသည် ကုသိုလ်ထူးကို ရရှိစေသည်ဖြစ်၍ စေတနာရှေ့ထားလုပ်ဆောင်သွားကြရန်၊ "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်ပင်စိုက်တစ်ပင်ရှင် စနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်အောင် ရည်မှန်းချက်ထား စိုက်ပျိုးသွားကြရန်၊ သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုး မဟုတ်ဘဲ စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုးသွားကြရန်၊ မိမိတို့ တပ်မတော်အနေဖြင့် နှစ်စဉ်ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူပြီး တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက် လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ပုသိမ်တပ်နယ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌အပင် ၅၇၁၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၈၃၉၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ အပင်၂၄၂၀ ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၀၀၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၆၄၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၁၇၁ ပင်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၌ ၈၄၇၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၇၆၉၂ ပင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ၄၁၁၁၉ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၅၀၆၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၉၄၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၇၃၈၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၅၈၂၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၆၄၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်း သစ်ပင် ၁၇၈၈၇၇ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် (၁/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေးပွဲကိုယနေ့နံနက်ပိုင်းတွင်နေပြည်တော် M Gallery ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် နိုင်အောင်မငေးနှင့် နိုင်ဗညားချမ်းနွန်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နိုင်အမ်စိုက်ချမ်း၊ နိုင်ကွန်းစိုက်နှင့် ရုံးအဖွဲ့မှူး နိုင်ဇော်မင်းဦးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခုဆွေးနွေးပွဲသည် အစိုးရသစ်တက်လာပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအရ ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ကာလတွင် ပြည်နယ်များ၌ ပဋိပက္ခများဖြစ်ပွားခဲ့သော်လည်း မွန်ပြည်နယ်သည် တည်ငြိမ်မှုရှိခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးမည် ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို သက်ဆိုင်ရာသို့ တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းက NSPNC အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်သည့်နေရာတွင် စေတနာမှန်ကန်မှု၊ နိုင်ငံရေးဆန္ဒနှင့် စိတ်ရှည်သည်းခံမှုတို့ဖြင့်သာ တည်ဆောက်နိုင်ရေး၊ နိုင်ငံတော်မှ စစ်ရေး၊ နိုင်ငံရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးစသည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးနိုင်ရေး၊ အပစ်အခတ်ရပ်စဲရေး အသီးအပွင့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ရေး၊ အလွတ်သဘော တွေ့ဆုံပွဲမှသည် အနှစ်သာရရှိပြီး အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲဖြစ်နိုင်ရန် ပွင့်လင်းမြင်သာစွာဖြင့် အပြန်အလှန် ယုံကြည်မှုနှင့် စဉ်ဆက်မပြတ်လုပ်ဆောင်ရေးကိစ္စတို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ မွန်စာပေသင်ကြားနိုင်ရေးကိစ္စ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးအထောက်အပံ့ရရှိရေးကိစ္စ၊ ရေးမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်အနောက်ဘက်ခြမ်း (ဂျိုင်းမြစ် တောင်ဘက်ခြမ်း)၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြောက်ပိုင်း ကျေးရွာများတွင် သတ်မှတ်ထားသည့် ပုံစံအတိုင်း မွေးစာရင်းအချက်အလက်များကို အတည်ပြုမွေးစာရင်းထုတ်ပေးနိုင်ရေး၊ လမ်း၊ တံတားများကို ဦးစားပေး အစီအစဉ်အနေဖြင့် ဆောက်လုပ်ပေးရေးကိစ္စနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အပြန်အလှန် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးကိစ္စတို့အား ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NMSP မှ တင်ပြသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ယခင် Bilateral တွေ့ဆုံဆွေးနွေးမှုအခြေအနေများနှင့် ဒေသတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့အား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းက ကျေးဇူးတင်စကား ပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရှိသည်။

**သတင်းစဉ်**




## ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့တွင် ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Shanghai Cooperation Organization Development Bank – SCOB) တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Min Liao နှင့် ကာဂျစ္စတန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nurbek Akzholov တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေး ပထမနေ့တွင် ကြားဖြတ်အတွင်းရေးမှူးရုံးက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(မူကြမ်း) ရေးဆွဲရာ၌ အဓိကကျသည့် အချက်အလက်များဖြစ်သော ရင်းနှီးငွေထည့်ဝင်မှု၊ ရှယ်ယာခွဲဝေမှုနှင့် မဲပေးပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းက Credit Rating Agency များ၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဘဏ်များကို အကဲဖြတ်ဆောင်ရွက်သည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်ကြသူများက သိရှိလိုသည်များကို မေးမြန်းအကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးဒုတိယနေ့တွင် သက်ဆိုင်ရာအဖွဲ့အစည်းများက ဘဏ္ဍာရေးဆိုင်ရာဆန်းသစ်တီထွင်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်မှု နည်းလမ်းများကိုလည်းကောင်း၊ ကြားဖြတ်အတွင်းရေးမှူးရုံးက ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်မှုပုံစံများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

## နမ့်စန်မြို့နယ် ဝမ်ကျောင်း-လွိုင်ကုန်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**နမ့်စန်(တ) ဇူလိုင် ၂**

ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေသည် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ နမ့်စန်ကျေးရွာအုပ်စုတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက် လျက်ရှိသည့် ဝမ်ကျောင်း – လွိုင်ကုန်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ပြည်နယ်ဝန်ကြီး ဦးလင်းအောင်ဆွေသည် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ် (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝမ်ကျောင်း-လွိုင်ကုန်လမ်း ၀ ဒသမ ၂ မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးဇော်သက်နိုင်က လုပ်ငန်းနှင့်ပတ်သက်၍ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာသုံးရွာ၊ အိမ်ခြေ ၄၃၈ အိမ်နှင့် လူဦးရေ ၂၂၅၄ ဦးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

## ကော့မှူးမြို့နယ်၌ ဝါးအခြေခံလက်မှုသင်တန်းဆင်း

**ကော့မှူး ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဝါးအခြေခံလက်မှုထည် သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အဖျောက်ကျေးရွာ ရတနာမဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တွံတေးခရိုင်



စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက သင်တန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများသည် ဝါးဖြင့်ပြုလုပ်ထားသော လက်မှုပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆) ကျင်းပ



နေပြည်တော် ဇူလိုင် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်နှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များတက်ရောက်ကြပြီး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ပြည်နယ်/တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီး/ပြည်နယ်အားလုံး အကြားအလပ်မရှိ အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများ ခိုင်မာမှု၊ ညှိနှိုင်းပေါင်းစပ်တာဝန်ယူဆောင်ရွက်မှု၊ အစိုးရနှင့် ပြည်သူပူးပေါင်းပြီး အားတက်သရော ဆောင်ရွက်မှုတို့ လိုအပ်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန် နီးကပ်စွာ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူးများက လက်ရှိဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်များ၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများ လေ့ကျင့်နေမှုများနှင့် အားကစားကွင်း/ အားကစားရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဌေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အားကစားဥယျာဉ်အတွင်းရှိ အားကစားကွင်း/ အားကစားရုံများနှင့် Football for School အစီအစဉ်ဖြင့် အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Football for School အစီအစဉ်အဖြစ် အခြေခံဘောလုံး အားကစားသင်တန်း၊ အခြေခံလက်ဝှေ့အားကစား သင်တန်း၊ အခြေခံကရာတေး အားကစားသင်တန်းတို့တွင် အားကစားနည်းစနစ်များ စနစ်တကျ လေ့ကျင့် သင်ကြားပေးနေမှုကို လိုက်လံကြည့်ရှု အားပေးပြီး သင်တန်းသားများ အတွက် အားကစားပစ္စည်းများနှင့် အင်အားဖြည့် Royal-D အချိုရည်များကို ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဝေါမြို့နယ် အားကစားကွင်း/ အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝေါမြို့နယ်အားကစားကွင်း၌ ကျင်းပသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်)တန်း ဘောလုံးပြိုင်ပွဲတွင် ကျိုက်လှအသင်းနှင့် နောင်ပတ္တရာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဆောင်သည့် ဝန်ထမ်းများသည် ဇွန် ၃၀ ရက်က အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် UID များကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက်(၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များကို နေ့ချင်းပြီး စိစစ်ဆောင်ရွက်ပေးကာ မရမ်းကုန်းခရိုင် ဦးစီးမှူး ဦးရန်နိုင်နှင့် လှိုင်မြို့နယ်ဦးစီးမှူးတို့က ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ချင်းပြည်နယ် ဖလမ်းမြို့၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှု

ဖလမ်း ဇူလိုင် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇွန် ၃၀ ရက်က တီးတိန်-သိုင်းငင်း-ဖလမ်း လမ်းပိုင်းအခြေအနေ၊ ဖလမ်းမြို့၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုသည်။

ဦးစွာ တီးတိန်-သိုင်းငင်း-ဖလမ်းလမ်းပိုင်း၊ ဗားရိတံတားနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊ မိုးရာသီတွင် လမ်း၊ တံတားများပေါ်၌ ရေမတင်စေရေး အလေးထားဆောင်ရွက်ရန်နှင့် တောင်ပြို၍ လမ်းပြတ်တောက်မှုများမရှိစေရေး ကြိုတင်စုဖွဲ့ကာ စီမံဆောင်ရွက်သွားရန် မှာကြားခဲ့သည်။



ထို့နောက် ဖလမ်းမြို့ရှိ ယာယီဆေးရုံ၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ယာယီဆေးရုံ ပြင်ဆင်စီမံထားရှိမှုအခြေအနေ၊ Mobile ခွဲစိတ်ခန်း တပ်ဆင်ထားရှိမှုအခြေအနေ၊ ရေရရှိမှုအခြေအနေ၊ မီးရရှိမှုအခြေအနေ၊ ဆေးရုံထပ်မံတိုးချဲ့နိုင်မည့်အခြေအနေ၊ ဆေးဝါးများရရှိမှု အခြေအနေနှင့် ဆေးကုသပေးနေမှုအခြေအနေများကို ဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများကို အားပေးစကားပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဖလမ်းမြို့ ယာယီဆေးရုံတွင် ဆေးရုံအုပ်ကြီးအပါအဝင် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၉၀ ဖြင့် ယနေ့တွင် ပြင်ပလူနာ ၅၀ နှင့် အတွင်းလူနာရှစ်ဦးတို့အား ဆေးကုသမှုပေးလျက်ရှိပြီး ယနေ့အထိ ယင်းဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော လူနာစုစုပေါင်း ၁၀၈၈ ဦးနှင့် ကာကွယ်ဆေးထိုးနှံပေးခဲ့သော လူနာ ၂၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို လှူပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲနှင့် စာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ကြီးမှူးစီစဉ်သည့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန် မြောက်ဘက် သတ်မှတ်နေရာများ၌ ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်က သတ်မှတ်နေရာတွင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ တက်ရောက်လာသူများက ဆီသပြေ၊ မဟော်ဂနီ၊ ယူကလစ်၊ ယမနေနှင့် သပြေစသည့် အရိပ်ရ နှစ်ရှည်ပင် ၁၅၀ အား စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံး၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်သည့် စာတမ်းဖတ်ပွဲသို့ တက်ရောက်သည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဒေါက်တာခင်ချစ်ချစ်က "မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်၊ အခွင့်အရေးနှင့် ဥပဒေအရ အကာအကွယ်ပေးမှု" စာတမ်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဆန်းဆုဆုရည်က "ပုလဲရတုမှ ဒစ်ဂျစ်တယ်ခေတ်ဆီသို့ - AI နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ"စာတမ်း၊ အမှတ်-၁ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမိုးထွန်းက "လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများ အထူးသဖြင့် အမျိုးသမီးများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးရေး" စာတမ်းတို့ကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# တောင်ငူမြို့နယ်၌ ဆီးချို၊ သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်း ဖွင့်လှစ်

တောင်ငူ ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆင်ရွာ ကျေးလက်ကျန်းမာရေးဌာနတွင် အသက်(၄၀)နှစ်နှင့်အထက် ပြည်သူများအား ဆီးချို၊ သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်းကိုယမန်နေ့ နံနက်ပိုင်းက ဖွင့်လှစ်သည်။



ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ရာတွင် ဆင်ရွာကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်ဖြူဖြူအိကပြည်သူ ၄၇ ဦးအား ဆီးချိုသွေးချို စစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်လာနိုင်မည့် အလားအလာ ရှိ၊ မရှိ တွက်ချက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါ ဆေးခန်းကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် (၁၀၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အကြို သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်သမဝါယမဦးစီးဌာနဝင်း အတွင်း၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုး၊ သမဝါယမအသင်းစုမှ အသင်းစုဥက္ကဋ္ဌနှင့် ဝန်ထမ်းများက ပျိုးပင်များစိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)

# သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အာမခံ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အာမခံဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကုန်စည်ဒိုင် အပေါ်ဆုံးထပ် အစည်းအဝေးခန်းမ (ဘုရင့်နောင်)၌ ကျင်းပသွားမည်ဖြစ်သည်။




လက်ရှိအချိန်တွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၌ ကြုံတွေ့နေရသော လမ်းခရီးစိန်ခေါ်မှုများ၊ မတော်တဆမှုများနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို အာမခံစနစ်ဖြင့် မည်သို့စနစ်တကျ ကာကွယ်စီမံခန့်ခွဲရမည်ကို နီးနှော ဖလှယ်နိုင်ရန် အထူးပညာပေးဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲကို Logistics & Supply Chain Management မဂ္ဂဇင်း၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MHFTSA)နှင့် Venture Synergy Co., Ltd တို့ ပူးပေါင်းစီစဉ်၍ EFI General Insurance က အဓိကပံ့ပိုးကူညီသွားမည်ဖြစ်ပြီး မိမိတို့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲကာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန် အသင်းဝင်လုပ်ငန်းရှင်များ၊ ဂိတ်တာဝန်ခံများနှင့်ယာဉ်ပိုင်ရှင်များ တက်ရောက်ကြရန် ဖိတ်ခေါ်ထားသည်။

ဤပွဲသို့တက်ရောက်ခြင်းဖြင့် Green Transport အသိပညာ-သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသော မောင်းနှင်မှုစနစ်နှင့် ကုန်တင်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၏ အရေးပါပုံ၊ Panel Discussion (စကားဝိုင်းဆွေးနွေးပွဲ)- နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များဖြစ်ကြသော ဒေါ်လှလှရီ၊ ဦးအောင်ဇော်သက်၊ ဦးတင်မောင်ဦးနှင့် ဦးထွန်းနိုင်ဦးတို့ ပါဝင်ဆွေးနွေးမည့် ကုန်စည်ပို့ဆောင်ရေးနှင့် အာမခံကဏ္ဍ စိန်ခေါ်မှုများ၊ မိမိတို့လုပ်ငန်းခွင်၌ လက်တွေ့ကြုံတွေ့နေရသော အာမခံနှင့် လမ်းခရီးအခက်အခဲများကို ပညာရှင်များနှင့် တိုက်ရိုက် မေးမြန်းဆွေးနွေးနိုင်မည်ဟုသိရသည်။

MT

# ကျိုင်းတုံမြို့နယ်၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ကျိုင်းတုံ ဇူလိုင် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဇူလိုင် ၁ ရက်တွင် ယန်းခကျေးရွာ၌ ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများက ယန်းခကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများအား သွေးတိုး၊ ဆီးချို၊ နှလုံး၊ အသည်း၊ အရိုး၊ အကြော၊ အဆစ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သားဖွားမီးယပ်ဆိုင်ရာရောဂါများ၊ သွားနှင့်ခံတွင်းရောဂါများ၊ ခွဲစိတ်မှုဆိုင်ရာရောဂါများနှင့် စိတ်ကျန်းမာရေးဆိုင်ရာရောဂါများကို ကွင်းဆင်းကုသမှုပေးခဲ့ရာ လူနာ စုစုပေါင်း ၂၉၃ ဦး ဆေးကုသမှုခံယူခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စန်းဟုန်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အောင်ဇင်မြင့်(ပြန်/ဆက်)



# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းရာသီစိုက်ပျိုးစရိတ် ငွေကျပ် ၁၀၃၇ သိန်း ထုတ်ချေးပေးရန် လျာထား

မြစ်ကြီးနား ဇူလိုင် ၂

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်ဘဏ်ခွဲက စိုက်ပျိုးစရိတ် ချေးငွေများကို ယမန်နေ့မွန်းလွဲပိုင်းမှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

ချေးငွေ စတင်ထုတ်ချေးပေးသည့် ပထမနေ့တွင် မြစ်ကြီးနားမြို့နယ် ပမ္မတီးရပ်ကွက်နှင့် ရှဒေါင်ကျေးရွာတို့မှ တောင်သူများ၏ စိုက်ဧက ၃၀ အတွက် တစ်ဧက ကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးခဲ့သည်။ ယခုနှစ်ဆောင်းရာသီတွင် လယ်သီးထပ်အဖြစ် ဆီထွက်သီးနှံ ဆီမုန်ညင်း၊ ပြောင်း စိုက်ပျိုးကြမည့် အကျဲ၊ ပမ္မတီး၊ ရှဒေါင်၊ တပ်ကုန်းရပ်ကွက်/ကျေးရွာတို့မှ တောင်သူ ၂၉ ဦး၏ စိုက်ဧက ၂၀၂ ဧကနှင့် ဝိုင်းမော်မြို့နယ် ခတ်ချို၊ နောင်ဟီးကျေးရွာတို့မှ တောင်သူ ၁၁၃ ဦး၏ စိုက်ဧက ၈၃၅ ဧကအတွက် ငွေကျပ် ၁၀၃၇ သိန်း ထုတ်ချေးပေးသွားရန် လျာထားကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၄)ရက် ( စနေနေ့ )

International Day of Cooperatives
Cooperatives for a peaceful world
4 July 2026

International Co-operative Alliance

"Cooperatives for a Peaceful World"

"ကမ္ဘာမြေငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံစို့"






## ကျောင်းအပ်သောကလေးများ ကျောင်းတက်ရောက်နိုင်ရေးနှင့် အတန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး အခမ်းအနားကျင်းပ

မော်လမြိုင် ဇူလိုင် ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းအပ်သောကလေးများ ကျောင်းတက်ရောက်နိုင်ရေးနှင့် အတန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့နယ် အထက (၁) ရာပြည့်ခန်းမ၌ ကျင်းပသည်။

**ချီးမြှင့်ငွေပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ကျောင်းအတွက် ချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံ၌ဆေးကုသမှုခံယူနေသောလူနာများအားသွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ကြက်ဥများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံရှိ ဆေးသိုလှောင်ခန်းနှင့် ဆေးရုံ နှစ်ထပ်တိုးချဲ့ဆောင်တို့ကို ကြည့်ရှုသည်။

ဆက်လက်၍ ကျိုက်ထိုမြို့နယ် မြို့တော်ခန်းမ၌ ကျိုက်ထိုခရိုင်အတွင်း ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူး ဇူလိုင် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် တိုးတက်စေရေး ဆောင်ရွက်လျက်ရှိနေမှု၊ လစဉ်တိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များ၊ Quick Win ဖြစ်နိုင်သည့် လုပ်ငန်းများနှင့် ရေရှည် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကျုံပျော်မြို့၌ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ကျုံပျော် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ သဘာဝရေပြင် အင်း၊ ချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့ ပင်လုံရပ်ကွက် ဒါးကချောင်းရေပြင်၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းအောင်မော်က တက်ရောက်လာသူများထံသို့ ငါးမျိုးများပေးအပ်ပြီး ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၇၅၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ၁၇၅၀၀၀ တို့အား ဒါးကချောင်းအတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**





## ဆီဆိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

ဆီဆိုင် ဇူလိုင် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ယနေ့နံနက်ပိုင်းတွင် ဆိုက်ခေါင်စံပြကျေးရွာ အထက၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးတင်မိုးအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းခမ်းဦးနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး

ပြင်ဦးလွင် ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၉ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) NPS ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ခင်မောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ ရဲတပ်ကြပ်ကြီးအေးစိုး(ဇင်ယော်)က " ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးသော အနာဂတ်လမ်းမများဆီသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရက် (၁၀၀) စီမံချက်နှင့် နှလုံးရောဂါအန္တရာယ် ကြိုတင်ကာကွယ်ခြင်း

ပါမောက္ခ ဒေါက်တာနွယ်နွယ် [ပါမောက္ခ /ဌာနမှူး (နှလုံးဆေးကု)]

နှလုံးရောဂါသည် ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးရောဂါ ဖြစ်ပါသည်။ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် နှလုံးသွေးကြောရောဂါကြောင့် သေဆုံးမှု နှစ်ဆနီးပါးတိုးလာခဲ့သည်။ အချိန်မတိုင်မီ သေဆုံးမှုများ၏ ငါးပုံတစ်ပုံသည် နှလုံးသွေးကြောရောဂါကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် နှလုံးသွေးကြောရောဂါများကို ကြိုတင်ကာကွယ်ခြင်း၊ စောစီးစွာ ရှာဖွေဖော်ထုတ်ခြင်းနှင့် အချိန်မီ ထိရောက်စွာ ကုသမှုပေးနိုင်ခြင်းသည် ပြည်သူ့ကျန်းမာရေးကဏ္ဍ၏ အရေးကြီးသော ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်လာပါသည်။




ရှန်ကျန်းကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့်နည်းပညာကုမ္ပဏီ (Benefm) မှ AI ECG Suit and Patch။

နှလုံးသွေးကြောရောဂါများကို လျှော့ချနိုင်ရေးအတွက် ကျန်းမာသော လူနေမှုပုံစံများကို မြှင့်တင်ခြင်း၊ ဆေးလိပ်နှင့် အရက်သောက်သုံးမှု လျှော့ချခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတွင်းအဆီဓာတ်မြင့်မားခြင်းတို့ကို စောစီးစွာရှာဖွေဖော်ထုတ်၍ ထိန်းချုပ်ကုသခြင်းတို့သည် အရေးကြီးပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအကြား ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းနှင့် မကူးစက်နိုင်သောရောဂါများကို စောစီးစွာရှာဖွေစစ်ဆေးနိုင်ရေးအတွက် အဆင့်ဆင့်သော ကျန်းမာရေး စောင့်ရှောက်မှုစနစ်များမှတစ်ဆင့် ဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် နှလုံးရောဂါကို စနစ်တကျကုသနိုင်ရန်အတွက် အထူးကုသမှုနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိတွင် နှလုံးရောဂါဝေဒနာရှင်များအတွက် လိုအပ်သော ကုသမှုများဖြစ်သည့် နှလုံးသွေးကြောချဲ့ခြင်း၊ နှလုံးခုန်နှုန်းမမှန်သော ရောဂါများအတွက် အပူလှိုင်းပေးကုသခြင်း၊ နှလုံးနှိုးစက်တပ်ဆင်ခြင်း၊ နှလုံးအဆို့ရှင်ချဲ့ပေးခြင်း၊ မွေးရာပါ နှလုံးရောဂါများကို ပြုပြင်ပေးခြင်း၊ နှလုံးသွေးကြောရောဂါကို ခွဲစိတ်ကုသခြင်း၊ နှလုံးအဆို့ရှင်ရောဂါကို အဆို့ရှင်အတုတပ်ပေးခြင်း၊ မွေးရာပါနှလုံးရောဂါများကို ခွဲစိတ်ကုသပေးခြင်း၊ သွေးကြောရောဂါခွဲစိတ်ကုသပေးခြင်းတို့ကို မြန်မာနိုင်ငံအတွင်းမှာပင် ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူ့ဆေးရုံကြီးများ၊ တပ်မတော်ဆေးရုံကြီးများနှင့် ပုဂ္ဂလိကဆေးရုံအချို့တွင် ဆောင်ရွက်ပေးနေပါသည်။

### နှလုံးရောဂါဆေးကုဌာနများ

ကျန်းမာရေးဝန်ကြီးဌာန၏ နှလုံးရောဂါဆေးပညာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ဦးဆောင်သည့် နှလုံးရောဂါဆေးကုဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားရှိပြီး ကလေးနှလုံးရောဂါကုဌာနကို (ခုတင်-၅၅၀) ဆံ့ ကလေးဆေးရုံကြီး-ရန်ကုန် (ရန်ကင်း) တွင် ဖွင့်လှစ်ကာ မွေးရာပါကလေးနှလုံးရောဂါဝေဒနာရှင်များကို ကုသပေးလျက်ရှိပါသည်။

ခေတ်မီစက်ကိရိယာဖြစ်သည့် နှလုံးသွေးကြောစမ်းသပ်ကုသစက် (Cardiac Catheterization Lab) ကို အဆိုပါဆေးရုံကြီးများ၌ ဖွင့်လှစ်ကာ ခွဲစိတ်စရာမလိုအပ်ဘဲ နှလုံးသွေးကြောမှတစ်ဆင့် နှလုံးသွေးကြောချဲ့ခြင်းအပါအဝင် နိုင်ငံတကာအဆင့်မီကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် အသက်အန္တရာယ်ကြီးမားသော ရုတ်တရက် နှလုံးသွေးကြောပိတ်သည့် လူနာများအတွက် အရေးပေါ်နှလုံးသွေးကြောချဲ့ခြင်းကို ၂၄ နာရီဝန်ဆောင်မှုအဖြစ် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ပိုမိုရှုပ်ထွေးသော နှလုံးခွဲစိတ်ကုသမှုများအတွက် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် (ခုတင်-၅၅၀) ဆံ့ ကလေးဆေးရုံကြီး-ရန်ကုန် (ရန်ကင်း) တို့တွင် နှလုံးနှင့် သွေးကြောခွဲစိတ်ကုသဌာနများကိုဖွင့်လှစ်ကာ ရင်ခေါင်းဖွင့်၍ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး နှလုံးအဆို့ရှင်အစားထိုးခြင်း (Valve Replacement)၊ မွေးရာပါနှလုံးအပေါက်ပိတ်ခြင်းနှင့် နှလုံးသွေးကြောလမ်းကြောင်းပြောင်းလဲခြင်း (CABG – Bypass Surgery) စသည့်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ကုန်ကျစရိတ်သက်သာစွာဖြင့် ကုသမှုခံယူနိုင်


မှတ်တမ်းအချက်အလက်များအရ ကျန်းမာရေးဝန်ကြီးဌာန၏ လက်အောက်ရှိ ပြည်သူ့ဆေးရုံကြီးများတွင် နှလုံးရောဂါဆေးကုအထူးကုဆရာဝန်များက တစ်နှစ်လျှင် စုစုပေါင်း လူနာ ၅၇၀၀-၆၀၀၀ နီးပါးခန့်၊ နှလုံးရောဂါခွဲစိတ်ကုဆရာဝန်များက တစ်နှစ်လျှင် စုစုပေါင်းလူနာ ၁၈၀၀ ခန့် ကုသမှုပေးနေသည်ကိုတွေ့ရှိရပြီး ပြည်သူများအနေဖြင့် နိုင်ငံတကာအဆင့်မီ နှလုံးရောဂါကုသမှုများကို ပြည်တွင်း၌ ကုန်ကျစရိတ်သက်သာစွာဖြင့် ကုသမှုခံယူနိုင်လျက်ရှိပါသည်။

ထိုကဲ့သို့ ထိရောက်သောကုသမှုများကို အချိန်မီရရှိနိုင်ရန်အတွက် နှလုံးရောဂါများကို စောစီးစွာရှာဖွေဖော်ထုတ်နိုင်ရေးနှင့် နှလုံးရောဂါဝေဒနာရှင်များ နှလုံးရောဂါကြောင့် ရုတ်တရက်နှလုံးရပ်သေဆုံးခြင်းမှကာကွယ်ရန်၊ နှလုံးရောဂါကြောင့် နှလုံးလုပ်အားကျဆင်းပြီး နာတာရှည်နှလုံးရောဂါဖြစ်ခြင်းမှကာကွယ်ရန်၊ နှလုံးစည်းချက်မမှန်ခြင်းကြောင့် ရုတ်တရက် သွေးကြောပိတ်လေဖြတ်ခြင်းမှ ကာကွယ်ရန်တို့အတွက် လူတိုင်းလက်လှမ်းမီသော နှလုံးကျန်းမာရေးစစ်ဆေးမှုများကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပါသည်။ အထူးသဖြင့် အီးစီဂျီ (ECG) စစ်ဆေးမှုသည် နှလုံးရောဂါနှင့် နှလုံးစည်းချက်မမှန်ခြင်းများကို စောစီးစွာရှာဖွေဖော်ထုတ်ရာတွင် အရေးပါသော စစ်ဆေးရေးနည်းလမ်းတစ်ခုဖြစ်ပါသည်။ နည်းပညာတိုးတက်လာသည်နှင့်အမျှ ဉာဏ်ရည်တု (AI) နှင့် တွဲဖက်ထားသော အီးစီဂျီကို လုပ်ဆောင်ပေးခြင်းအားဖြင့် ပိုမိုတိကျသော ခန့်မှန်းမှုမျိုးကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက အစိုးရသစ်၏ ပြည်သူအတွက် ရက်ပေါင်း ၁၀၀ အတွင်း စတင်ဆောင်ရွက်နေသော စီမံချက်တစ်ခုဖြစ်သည့် နှလုံးရောဂါအန္တရာယ်အကဲဖြတ်စနစ်စီမံချက်ကို မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ထိုစီမံချက်တွင် နှလုံးရောဂါအန္တရာယ်ကို ပိုမိုတိကျစွာခန့်မှန်းနိုင်ရန်အတွက် ရှန်ကျန်းကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့် နည်းပညာကုမ္ပဏီ Benefm မှ ထုတ်လုပ်သည့် AI နည်းပညာသုံး

စာမျက်နှာ ၁၅ သို့ ❖

**"ကျန်းမာရေးဝန်ကြီးဌာနက အစိုးရသစ်၏ ပြည်သူအတွက် ရက်ပေါင်း ၁၀၀ အတွင်း စတင်ဆောင်ရွက်နေသော စီမံချက်တစ်ခုဖြစ်သည့် နှလုံးရောဂါအန္တရာယ်အကဲဖြတ်စနစ်စီမံချက်ကို မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ထိုစီမံချက်တွင် နှလုံးရောဂါအန္တရာယ်ကို ပိုမိုတိကျစွာခန့်မှန်းနိုင်ရန်အတွက် ရှန်ကျန်းကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့်နည်းပညာကုမ္ပဏီ Benefm မှ ထုတ်လုပ်သည့် AI နည်းပညာသုံး သက်သောင့်သက်သာဝတ်ဆင်နိုင်သော ECG ဝတ်စုံ (Wearable ECG device)ဖြင့် ၂၄ နာရီ အီးစီဂျီစမ်းသပ်မှုကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုစီမံချက်ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် ကန်သာယာဆေးရုံတို့တွင် လူဦးရေတစ်သိန်းကို တစ်နှစ်အတွင်း ဆောင်ရွက်သွားမည်"**



ရှန်ကျန်းကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့်နည်းပညာကုမ္ပဏီ (Benefm) မှ AI ECG ဝတ်စုံ ဝတ်ဆင်ပေးစဉ်။

# ၂၀၂၆ ခုနှစ် ဇွန်လအတွင်း (၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scen–troid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | – ကောင်းမွန် – ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုန်ဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | | | | | | |
| | ၅ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | – | ကောင်းမွန် |
| | ၆ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | – | ကောင်းမွန် |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၁၀ | ကယားပြည်နယ် | | | | | | | |
| | ၁ | လွိုင်ကော်မြို့ | လက်ခံနိုင်သော | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၂ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| | ၄ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက ရွာသစ်ကျေးရွာ မေဃဝံသ တလုတ်ကုန်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများ စုပေါင်းစိုက်ပျိုးကြစဉ်။

ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနက (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက သနပ်ကွင်းကျေးရွာ၌ ကျင်းပရာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးစဉ်။

မြို့နယ်(ပြန်/ဆက်)

## ပြင်ဦးလွင် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဇယန်းသီလရှင်စာသင်တိုက်၌ လှူဒါန်းပွဲ ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ပြင်ဦးလွင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာနှင့် ခရိုင်/မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့က ဦးဆောင်၍ ခရိုင် / မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏လှူဒါန်းပွဲကို ဇွန် ၃၀ ရက်က ဇယန်းသီလရှင်စာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့က ဇယန်းသီလရှင်စာသင်တိုက်ရှိ KG မှ Grade-5 အထိ ကိုရင်/သီလရှင်၊ ကျောင်းသား ကျောင်းသူ ၂၄၀ အတွက် ဗလာစာအုပ် ဒါဇင် ၂၄၀၊ သီလရှင်စာသင်တိုက်အတွက် ဆန်အိတ်ကြီး ရှစ်အိတ်နှင့် ငွေကျပ် ၂၀၀၀၀၀ အား ဇယန်းသီလရှင်စာသင်တိုက်ရှိ တာဝန်ခံဆရာကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## အောင်လံမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား မျိုးနှင့် သွင်းအားစုများ ပေးအပ်

အောင်လံ ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများအား လူမှုစီးပွားမြှင့်တင်ရေး ရန်ပုံငွေ (သက်တန့်ရောင်) စီမံကိန်းမှသွင်းအားစုပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က နံ့ဇူပင်ကျေးရွာ ဓမ္မာရုံနှင့် ဇေယျာကျေးရွာအသင်းဥက္ကဋ္ဌအိမ်တို့၌ ကျင်းပသည်။



ဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် နံ့ဇူပင် သမဝါယမ အသင်းသား တောင်သူ ၉၀ ၏ စိုက်ဧက ၂၄၅ ဧကအတွက် တစ်ဧကလျှင်ငွေကျပ် ၃၀၄၅၀၀ နှုန်းဖြင့် ငွေကျပ် ၇၄ ဒသမ ၆၀၂ သန်းနှင့် ညီမျှသော ဆာဖိုးသာမျိုးနှင့် သွင်းအားစုဓာတ်မြေဩဇာများကိုလည်းကောင်း၊ ရွာထောင်မျိုးစေ့ထုတ် သမဝါယမအသင်းသား တောင်သူ ၂၅ ဦး၏ စိုက်ဧက ၁၂၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၃၀၄၅၀၀ နှုန်းဖြင့် ငွေကျပ် ၃၆ ဒသမ ၈၄၄ သန်းနှင့် ညီမျှသော ဆာဖိုးသာမျိုးနှင့် သွင်းအားစု ဓာတ်မြေဩဇာများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

## ယာဉ်စည်းကမ်း/လမ်းစည်းကမ်းအသိပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၂

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မှုခင်းသရုပ်ပြယာဉ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ဇွန် ၃၀ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ အမှတ်(၁၄) အထက၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှုခင်းပြခန်း သရုပ်ပြယာဉ်ဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကျော်ခိုင်၊ ရဲအုပ်မင်းထွေး၊ ရဲအုပ်ဌေးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များဝေငှခဲ့ကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)





## ရန်ကင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေး

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကင်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းအောင်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## စဉ့်ကိုင်မြို့နယ်အတွင်း ကျေးလက်လမ်း လုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု

စဉ့်ကိုင် ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အရေးမဆို-ထန်းတောကျေးရွာချင်း ချိတ်ဆက်လမ်း မြေသားတာပေါင်တင်၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဇွန် ၂၈ ရက်က ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ခင်မျိုးမျိုးလတ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံနှင့်အဖွဲ့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စဉ့်ကိုင်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောက်ဆည်မြို့နယ်၌ မိုးစပါးများ ရိတ်သိမ်း

ကျောက်ဆည် ဇူလိုင် ၂

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ် ပတ္တာကျေးရွာအုပ်စု၌ သက်တန့်ရောင်စီမံကိန်းဖြင့် စိုက်ပျိုးထားသော ရွှေမနော်နွေစပါးစိုက်ခင်း ရိတ်သိမ်းခြွေလှေ့နေမှုကို ဇွန် ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တစ်ဧက ၁၁၂ တင်းထွက်ရှိကြောင်း သိရသည်။

ယင်းသို့ ရိတ်သိမ်းရာတွင် ပတ္တာကျေးရွာအုပ်စု ပတ္တာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်း အသင်းသားတောင်သူ ဦးမျိုး၏ စိုက်ဧက ၁ ဒသမ ၆၀ ဧကစပါးခင်းဖြစ်ကြောင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ တောင်သူ ၄၈ ဦး၏ နွေစပါး ၁၄၂ ဧက စိုက်ပျိုးရန် ပံ့ပိုးပေးထားကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



## ကျောင်းကုန်းမြို့၌ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးမွန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



ဝင်းကြိုင်(ပြန်/ဆက်)

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# စစ်ကိုင်းမြို့၌ ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဝေါမြို့နယ်၌ ငွေကျပ် ၁၀၂ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂

စစ်ကိုင်းမြို့တွင် ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဝေါမြို့နယ်တွင် ငွေကျပ် ၁၀၂ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့်များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် နံနက် ၈ နာရီတွင် သတင်းအရ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်အနီးတွင် တမူးမြို့ စော်ဘွား (၆)ရပ်ကွက်နေသူများဖြစ်သည့် ထက်ကိုဝင်း(၂၉)နှစ် မောင်းနှင်ပြီး ထက်ထက်ဇော် (ခ) အငယ်ကောင် (၂၃) နှစ် လိုက်ပါလာသော HILUX SURF အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၆၀၀) သိမ်းဆည်းရမိသဖြင့် ထက်ကိုဝင်းနှင့် ထက်ထက်ဇော်(ခ) အငယ်ကောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



တရားခံ ထက်ထက်ဇော် (ခ) အငယ်ကောင်နှင့် ထက်ကိုဝင်းတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ဘားအံမြို့ (၉)ရပ်ကွက်နေ သက်အောင်ထွန်း (ခ) နဂါး (၄၃) နှစ် မောင်းနှင်ပြီး ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်နေ စိုးမျိုးထွန်း (ခ) ကိုကြီး (၄၃)နှစ်နှင့် မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက်နေ မလဖိုင်နန်ဘောက်(၃၁)နှစ်တို့ လိုက်ပါလာသော TOYOTA HIACE အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၂၀၅၀၀ (ဆေးတစ်တောင့်လျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၂ ဒသမ ၅ သိန်း) သိမ်းဆည်းရမိသဖြင့် သက်အောင်ထွန်း(ခ)နဂါး၊ စိုးမျိုးထွန်း(ခ)ကိုကြီးနှင့် မလဖိုင်နန်ဘောက်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

○ နောက်ကျသွင်းဂိုးမှ

အင်္ဂလန်အသင်းဟာ ကွန်ဂိုအသင်းကို ပထမပိုင်းပွဲကစားချိန် ခုနစ် မိနစ်မှာ ဦးဆောင်ဂိုးပေးလိုက်ရပြီး ဒုတိယပိုင်းပွဲကစားချိန် ၇၅ မိနစ်နဲ့ ၈၆ မိနစ်တို့မှာ ရရှိခဲ့တဲ့ ဟယ်ရီကိန်းရဲ့ သွင်းဂိုးနှစ်ဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နှစ်ဂိုးသွင်းနိုင်ခဲ့တာကြောင့် ဟယ်ရီကိန်းဟာ ယခုကမ္ဘာ့ဖလားမှာ သွင်းဂိုး ငါးဂိုးရှိလာခဲ့တာဖြစ်ပြီး (၁၆)သင်းအဆင့်မှာ အင်္ဂလန်အသင်းက မက္ကဆီကိုအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းကတော့ ဆီနီဂေါအသင်းကို နှစ်ဂိုးပြတ် ဦးဆောင်ခွင့်ပေးလိုက်ရပြီးမှ ၈၆ မိနစ်၊ ၈၉ မိနစ်တို့မှာ ချေပဂိုးနှစ်ဂိုး ပြန်လည်ရရှိခဲ့ကာ သာမန်ပွဲကစားချိန်အတွင်း သရေရလဒ်ထွက်ပေါ်ခဲ့လို့ အချိန်ပိုကစားရာမှာ တစ်ဂိုးရရှိခဲ့တာကြောင့် ဘယ်လ်ဂျီယံအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ (၁၆)သင်းအဆင့်မှာ အမေရိကန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ အမေရိကန်အသင်းကတော့ (၃၁)သင်းအဆင့်မှာ ဘော့စနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**



# ပုဗ္ဗသီရိမြို့နယ်၌ အသင်းသားတောင်သူများသို့ သွင်းအားစုများ ဖြန့်ဖြူးပေး

ပုဗ္ဗသီရိ ဇူလိုင် ၂

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မိုးစပါး စိုက်ပျိုးရေးစီမံကိန်းဆောင်ရွက်မည့် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများဖြန့်ဖြူးပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက တောင်သူများလက်ဝယ်အရောက် ဆောင်ရွက်ပေးသည်။

ထိုသို့ဖြန့်ဖြူးပေးရာတွင် မိုးစပါး စိုက်ပျိုးရေးစီမံကိန်းဆောင်ရွက်မည့် သမဝါယမအသင်းများမှ အသင်းသားတောင်သူများ စိုက်ပျိုးလုပ်ငန်းတွင် အချိန်မီအသုံးပြုနိုင်ရေးအတွက် ပုလဲဓာတ်မြေဩဇာများကို တာဝန်ရှိသူများက လက်ဝယ်အရောက်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၇၂၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၂၄၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


■ **နေရာအနှံ့အပြားမှ**

မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၇-၇-၂၀၂၆ ရက်နေ့မှ ၁၀-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

**မိုး/ဇလ**

# ကြို့ပင်ကောက်မြို့၌ ၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြ

ကြို့ပင်ကောက် ဇူလိုင် ၂

ပဲခူးတိုင်း ဒေသကြီး ကြို့ပင်ကောက်မြို့ တမံဆည်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန၏ထိုင်းနံ့ကောက်မိုးစပါးအား ၁၀ တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးအစေ့ချ စိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



**ကြည့်ရှုအားပေး**

ဦးစွာ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးဇော်မြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး စောမောင်ဖွေနှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများက တောင်သူ ဦးနောင်နောင်ဝင်း၏ လယ်မြေ ငါးကေကွင်း၌ ထိုင်းနံ့ကောက်စပါးအား ၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်က တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(က) အောက်ပါအိတ်ဖွင့်တင်ဒါများအား တင်ဒါပိတ်ရက် (၁၇-၇-၂၀၂၆)ရက် (၁၄:၀၀)နာရီ အချိန်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင် လာရောက်တင်သွင်းရမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | 24/DPTSC(PSD) /26-27 | Bus Differential Relay (2)Sets ဝယ်ယူတပ်ဆင်ခြင်း (Turnkey) လုပ်ငန်း |
| ၂ | 25/DPTSC(PSD) /26-27 | Travelling-Wave Fault Location and Phasor Measurement with Line Differential Protection (9)Nos ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း |
| ၃ | 26/DPTSC(PSD) /26-27 | GPS Time Synchronization(BD/GPS Timing, Receiver Antenna, Coaxial Cable, Manage Ethernet Switch, Satellite Synchronized Clock Server) (17)Sets ဝယ်ယူ တပ်ဆင်ခြင်း (Turnkey) လုပ်ငန်း |
| ၄ | 27/DPTSC(PSD) /26-27 | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုက်ရိုက်ချိတ်ဆက်နေသော ပင်မဓာတ်အား ခွဲရုံ(၃)ရုံအား SCADA-EMS စနစ်ဖြင့် မောင်းနှင်နိုင်ရန်အတွက် Bay Control Unit (7)Sets ဖြည့်စွက်တပ်ဆင်ခြင်း၊ Configuration ပြုလုပ်ခြင်းနှင့် Substation Automation System အား အလုံးစုံ အချိတ်အဆက်ရရှိရန် ပြုလုပ်ခြင်း (Turnkey) လုပ်ငန်း |
| ၅ | 28/DPTSC(PSD) /26-27 | ပင်မဓာတ်အားခွဲရုံ(၁၇)ရုံရှိ ချို့ယွင်း Bay Control Unit(BCU) (10)Nos နှင့် ချို့ယွင်း Human Machine Interface(HMI) (15)Nos အား စစ်ဆေးပြုပြင်ခြင်း/ အစားထိုးလဲလှယ်ခြင်း၊ BCU (2)Nos ဖြည့်စွက်တပ်ဆင်ခြင်း၊ BCU (5)Nos အား အစားထိုးလဲလှယ်ခြင်း၊ ပြန်လည်စမ်းသပ်တပ်ဆင်ခြင်း၊ Configuration ပြုလုပ်ခြင်းနှင့် Substation Automation System အား အလုံးစုံ အချိတ်အဆက်ရရှိရန် ပြုလုပ်ခြင်း (Turnkey) လုပ်ငန်း |
| ၆ | 29/DPTSC(PSD) /26-27 | ဓာတ်အားစနစ်ကွန်ရက် တည်ငြိမ်စေရေးနှင့် ဗို့အားတည်ငြိမ်စေရေးအတွက် နေပြည်တော် အပါအဝင် Grid-Connected Energy Storage System နှင့် STATCOM များ ချိတ်ဆက်မောင်းနှင်ရန် လိုအပ်မှုအား DigSilent Software ဖြင့် Simulation ပြုလုပ် ခြင်းနှင့် တပ်ဆင်ရမည့် ပင်မဓာတ်အားခွဲရုံတွင် Control Panel များ တပ်ဆင်ခြင်းလုပ်ငန်း |
| ၇ | 30/DPTSC(MP) /26-27 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန် Four Wheel Tractor-75 HP(1) No နှင့် Four Wheel Tractor-95 HP(1) No ဝယ်ယူခြင်း |

(ခ) အောက်ပါအိတ်ဖွင့်တင်ဒါများအား တင်ဒါပိတ်ရက် (၃-၈-၂၀၂၆) ရက် (၁၄:၀၀)နာရီအချိန်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်တင်သွင်းရမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | 31/DPTSC(PSD) /26-27 | ၂၃၀ကေဗွီ ကမာနတ်-မြောင်းတကာ ဓာတ်အားလိုင်း (၆၄.၃၃)ကီလိုမီတာရှိ Overhead Earth Wire ကြိုးအား OPGW ကြိုးဖြင့် ဓာတ်အားမပိတ်ဘဲ (Live Line)စနစ်ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း(Turnkey)လုပ်ငန်း |
| ၂ | 32/DPTSC(PSD) /26-27 | ၂၃၀ ကေဗွီ ကမာနတ်-ခရမ်း ဓာတ်အားလိုင်း (၅၀.၆၂၃)ကီလိုမီတာရှိ Overhead Earth Wire ကြိုးအား OPGW ကြိုးဖြင့် ဓာတ်အားမပိတ်ဘဲ (Live Line)စနစ်ဖြင့် အစားထိုး လဲလှယ်တပ်ဆင်ခြင်း (Turnkey)လုပ်ငန်း |
| ၃ | 33/DPTSC(PSD) /26-27 | ၂၃၀ကေဗွီ ရွှေလီ-မန်စံ ဓာတ်အားလိုင်း(၉၆) ကီလိုမီတာရှိ Overhead Earth Wire ကြိုးများအား OPGW ကြိုးဖြင့် ဓာတ်အားမပိတ်ဘဲ (Live Line)စနစ်ဖြင့် အစားထိုး လဲလှယ်တပ်ဆင်ခြင်း (Turnkey) လုပ်ငန်း |

၂။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါ သည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄ စီမံကိန်း ၂၊ မြေကွက်အမှတ်- ၁၉၇/က၊ (၂၀ပေx ၆၀ပေ)ရှိ ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ရတနာလမ်းသွယ်လမ်း၊ အမှတ်- ၁၉၇/က၊ ၆ ထပ်တိုက်၏ စတုတ္ထထပ်၊ ၅ လွှာ၊ (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဦးမြင့်ဆွေ [၁၂/တမန(နိုင်)၀၄၂၂၈၅]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းသူအောင် [၅/ရဥန(နိုင်) ၀၉၅၄၁၅]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းသူအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်လွန်းတောင်ရပ်ကွက်၊ အမှတ် (၁၂)၊ ဒုတိယထပ်(၃လွှာ)၊ ကျိုက်လတ်လမ်း၊ အကျယ်အဝန်း(၂၅ပေx ၄၅ပေ) တိုက်ခန်းအား ပိုင်ဆိုင်ထားသူ ဒေါ်မာလာမြင့် [၁၂/မဂတ(နိုင်) ၁၀၃၀၈၂]ထံမှ ဒေါ်မိုးမိုးခိုင် [၁၂/ဗဟန(နိုင်)၀၇၃၅၄၄] က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထားမူရင်း၊ စာချုပ်စာတမ်းအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးခိုင်**
**[၁၂/ဗဟန (နိုင်) ၀၇၃၅၄၄]**
**ဖုန်း- ၀၉-၄၄၅၀၉၃၂၅၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အောင်သုခလမ်း၊ အမှတ်-၂၁/၄၅၇(ခ)၊ ပေ(၂၀x၆၀) မြေအပါအဝင် RC(3)ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးအောင်နိုင်ဝင်း[၁၀/ မလမ(နိုင်)၀၂၁၀၂၈]ထံမှ ကျွန်ုပ်ဦးသူရဟန် [၁၂/ရကန(နိုင်)၀၆၂၃၀၇]က ဝယ်ယူမည်ဖြစ်ရာ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်ရန်နှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသူရဟန်**
**[၁၂/ ရကန(နိုင်)၀၆၂၃၀၇]**
**ဖုန်း-၀၉-၇၇၅၅၃၃၁၁၉**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ ကွမ်းသီးပင်စုကျေးရွာနေ (ဘ)ဦးဆန်းထွန်း၏သမီး ဒေါ်သက်ထားဝေ [၁၄/ ကလန(နိုင်)၁၁၀၇၆၀]က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်သက်ထားဝေနှင့် ဦးငြိမ်းမင်းသူ [၁၄/ကလန(နိုင်) ၁၀၅၄၀၇]တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်နေစဉ် ဦးငြိမ်းမင်းသူသည် အပြင်သို့ခဏသွားမည်ဖြစ်ကြောင်း ပြောဆို၍ ထွက်သွားပြီးနောက် ယနေ့အချိန်အထိ နေအိမ်သို့ပြန်လာခြင်းမရှိသလို အဆက်အသွယ်လည်း မရတော့ပါ။

ထို့ကြောင့် ဦးငြိမ်းမင်းသူနှင့် ပတ်သက်၍ကျွန်မ ကိုယ်တိုင်ပါဝင်ပတ်သက်မှုမရှိသော ကျွန်မ မသိရှိသော ကိစ္စရပ်များနှင့်ပတ်သက်၍ ကျွန်မ အနေဖြင့် တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်ထားဝေ**
**[၁၄/ကလန (နိုင်) ၁၁၀၇၆၀]**

## ကြော်ငြာစာ

အမှတ်(၁၄၀)၊ စံပါယ်ဖြူလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ ဝေပုလ္လ(၃)လမ်း၊ မြေကွက်အမှတ်(၉၄)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦမှ ခေါင်းရင်းခြမ်း၊ ပဉ္စမထပ်(B)တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း(၁၉ပေx၅၄ပေ) တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးလျှမ်းထက်ဦး [၁၂/ဒဂမ(နိုင်)၁၅၅၁၆၆]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်စိန် [၁၂/ဥကမ (နိုင်)၀၁၃၄၅၆]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်စိန်က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုလှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၁၅၄)၊ ပထမထပ်၊ ဥက္ကာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၀၈၈၆၉၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ဣန္ဒာ(၈)လမ်း၊ အမှတ် (၇၉၆)၊ (၂-ခန်းတွဲ၊ RC- ၅ထပ်) အဆောက်အဦ၏(A-အခန်း)၊ (မြေညီထပ်+ထပ်ခိုး)ပါ (အဆောက်အဦ၏ယာဘက်ခြမ်း) မြေညီဧရိယာ (၇၀၀) စတုရန်းပေ၊ ထပ်ခိုးဧရိယာ (၄၂၀)စတုရန်းပေရှိ ရေ၊ မီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့်သက်ဆိုင်သမျှ ပိုင်ရေးပိုင်ခွင့် အခွင့်အရေးနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ပိုင်ဆိုင်၍ လက်ဝယ်ထားရှိအကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော ဦးရဲလင်းအောင် [၁၂/ဥကမ (နိုင်)၂၁၉၅၁၇]၊ ဒေါ်သိမ့်သိမ့်ထူးအောင်[၁၂/ဥကမ(နိုင်)၂၂၂၂၅၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျာထွန်း (LL.B.)**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၁၁၀/၂၄-၁၁-၂၀၂၃)**
**အမှတ်- ၉၇၊ ပထမထပ်(B2)၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း +၉၅-၉-၉၆၉၀၀၀၀၈၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅၁၊ မြေကွက်အမှတ်- ၁၃၁၂ ဟုခေါ်တွင်သော ဦးအေးသိန်း အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း (အလျား ၄၀ပေX အနံ ၆၀ပေ) ရှိသည့် မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်- ၁၅၁၊ မြေကွက်အမှတ်- ၁၃၁၃ ဟုခေါ်တွင်သော ဦးကျော်မြင့်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း (အလျား- ၄၀ပေX အနံ- ၆၀ပေ)ရှိသည့် မြေကွက်များအပါအဝင် ယင်းမြေကွက်များနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်ထက်အောင် [၁၂/သခန(နိုင်) ၁၁၅၁၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းယုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၃၂၀)**
**ရှေ့နေများနားနေခန်း၊ တရားရုံးရှေ့၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၅၇၇၉၁၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၂၂)၊ (၅)လွှာ (ခြေရင်းခန်း) (တိုက်ကိုမျက်နှာမူလျှင် ယာဘက်ခြမ်း) (၁၂ ၁/၂'x၆၇') အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်သီဂီဦး [၁၂/ဗတထ(နိုင်)၀၀၆၇၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမိုးကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)**
**အခန်း(၂၇)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**တိုက်(၃)၊ အခန်း(၂၀၃)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၄၉၆၃၆**

## တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၁၀/၁၂)၊ အခန်းအမှတ် (၅၀၃)၊ (၈)ထပ်တိုက် (၆)လွှာ(ဘယ်) တိုက်ခန်းအား ဦးထွန်းနိုင် [၁၁/ကတန(နိုင်) ၀၁၅၄၉၄]၊ ဒေါ်ဦးခိုင်ညွန့် [၁၁/ ကတန(နိုင်) ၀၁၅၂၄၉]ထံမှ ဦးပြည့်စုံဦး [၁၂/ ဥကမ(နိုင်) ၀၆၇၅၈၄] သည် ဝယ်ယူမည်ဖြစ်ပါသဖြင့် ဝယ်ယူသူဘက်မှလည်း (၂၀-၆-၂၀၂၆) ရက်နေ့တွင် စရန်ငွေတချို့တစ်ဝက်အား တိုက်ခန်းရောင်းချသူ ဦးထွန်းနိုင်ထံသို့ ပေးချေထားပြီးဖြစ်ပါသဖြင့် ဖော်ပြပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဦးပြည့်စုံဦး**
**[၁၂/ဥကမ (နိုင်) ၀၆၇၅၈၄]**
**ဖုန်း- ၀၉-၆၉၁၂၄၇၃၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၁/၂ ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ် (၄ ဘီ)၊ အခန်း- ၇၀၂၊ အကျယ်အဝန်း (၁၂၀၀ စတုရန်းပေ)၊ **ဦးမြင့်နိုင်ဝင်း** အမည်ပေါက် ပိုင်ဆိုင်သည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ **ဦးမြင့်နိုင်ဝင်း** [၅/ရဥန(နိုင်) ၀၇၁၀၆၁]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်ဝေမွန်လတ် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၀၇၀/၂၀၁၈)**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၅၆၇၉၇၃၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်

ကန်ထရိုက်တာ ဦးအေးထွန်း [၁၂/ဥကမ(ပြု) ၀၀၀၈၂၅] ပိုင်ဆိုင်သည့် အမှတ်- ၁၆၀၊ ဇေယျာ (၆)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ပေ ၂၀x ပေ ၆၀) မြေပေါ်ရှိ ပထမထပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောအိလှိုင် [၈/တတက(နိုင်) ၁၀၀၁၆၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ယနေ့တွင် စရန်တစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီး ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကန့်ကွက်ပိုင်ခွင့်ရှိသော မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်မာတိကျသော စာရွက်စာတမ်းနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျွန်ုပ်တို့၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ခိုင်**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၃၉၈)**
**09-421119865**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွာမရပ်)၊ မြေကွက်အမှတ် (ပ-၄၄၆၃) ဧရိယာ (၀.၀၅၅)ကေရှိ အိမ်ဝိုင်းခြံမြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေယာဌာနတွင် ဒေါ်သဇင်မင်းမောင် [၅/ကလဝ(နိုင်) ၀၄၀၆၄၁]အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် အမည်ပေါက်ထားသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချစီမံပိုင်ခွင့်ရှိသူ ဦးသီဟ(ဘ) ဦးတင်ကြိုင် [၉/မခန(နိုင်) ၁၉၄၅၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်ကျော်ကျော် [၁၂/အစန(နိုင်)၁၆၉၅၈၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော မြေငှားဂရန်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လွင်ကျော်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၄၁၉၀)**
**အမှတ်(၃၅)၊ ရွာတော်မင်္ဂလာဈေး၊ ပုဗ္ဗသီရိမြို့။ ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက် ပျဉ်းမနား အမှတ်(၁)မြို့မဈေးမှ ဆိုင်ခန်းအမှတ်(C1က-၇၁)၊ ဒေါ်သီတာစန်း၊ နိုင်ငံသားစိစစ်ရေးအမှတ် [၉/ပမန (နိုင်)၀၂၆၆၈၇]အမည်ဖြင့်ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"** (မိတ္တူမှန်)ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**(မူရင်း)ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များ တင်ပြပြီး **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**(မိတ္တူမှန်)လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်သီတာစန်း အမည်ဖြင့်ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**(မူရင်း) အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"** (မိတ္တူမှန်)ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၂၇

| | | |
|---|---|---|
| ဒေါ်ခိုင်သီတာဦး | နှင့် | ၁။ ဒေါ်သန္တာဝင်း |
| | | ၂။ ဒေါ်လွင်လွင်ခိုင် |
| | | ၃။ ဒေါ်သဲသဲစိုး |
| | | ၄။ ဒေါ်မိုးခတ္တာ |
| | | ၅။ ဦးမြဝင်း |
| | | ၆။ ဦးပိုင်စိုး |
| | | ၇။ ဦးအောင်ကျော်ကျော် |
| | | ၈။ ဦးရဲမင်းထွဋ် |
| | | ၉။ ဒေါ်လင်းဇာနည်ခိုင် |
| | | ၁၀။ ဒေါ်အေးမာ |
| | | ၁၁။ ဦးအောင်သန်းစိုး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၁၀၇)ရပ်ကွက်၊ အဆောင် ဥက္ကာ(၂)လမ်း၊ အမှတ်(၂၆၈)နေ ၈။တရားပြိုင် ဦးရဲမင်းထွဋ် (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ် တရားလိုက **"အမွေပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးအပ်စေမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် (၁၄)ရက်နေ့၊ မွန်းမတည့်မီ (၁၂)နာရီအချိန်တွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူရအောင်သင်းကြိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၁၃/၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်း(၁၀)မျိုးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| (က) | 27(LPT)MPE-CHK/26-27 | မန္တလေးတိုင်းဒေသကြီးရှိ ပြုပြင်ဆောက်လုပ်ရေး လုပ်ငန်း(၆)ခု | 1 Lot |
| (ခ) | 28(LPT)MPE-TLN/26-27 | Base Oil(SN-150) & Additive | 15 MT & 1 MT |
| (ဂ) | 17R(LPT)MPE-HQ/ 26-27 | LPG Viking Pump with Motor | 1 Set |
| (ဃ) | 18R(LPT)MPE-CHK/ 26-27 | LPG Viking Pump with Motor | 1 Set |
| (င) | 19R(LPT) MPE-MBU/ 26-27 | Spare Parts for Instrument Air Compressor | 1 Lot |
| (စ) | 21R(LPT)MPE-MANN/ 26-27 | U2 Combination Viewing Head & Signal Processors with Flame Detector | 1 No |
| (ဆ) | 8R-R(LPT)MPE-MANN/ 26-27 | Pure Water Pump with Turbine | 1 No |
| (ဇ) | အဆိုပြုလွှာ-8/MPE-HQ/ 26-27 | Refrigerator(2 Doors) | 2 Nos |
| (ဈ) | အဆိုပြုလွှာ-3R/MPE-MANN/ 26-27 | Ice-Cube Maker | 1 No |
| (ည) | အဆိုပြုလွှာ-4R/MPE-HQ/ 26-27 | Table & Chair | 2 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂-၇-၂၀၂၆ ရက်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါ/အဆိုပြုလွှာများကို အောက်ဖော်ပြပါ တင်ဒါပိတ်သည့်နေ့များတွင် (၁၃:၀၀)နာရီ နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ (နေပြည်တော်)သို့ လူကိုယ်တိုင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်-

(က) အမှတ်စဉ် (က)၊ (ခ) နှင့် (ဇ) အိတ်ဖွင့်တင်ဒါ/အဆိုပြုလွှာ — ၂၃-၇-၂၀၂၆
(ခ) အမှတ်စဉ် (ဂ)(ဃ) (င) (စ) (ဆ) (ဈ) မှ (ည) ထိ အိတ်ဖွင့်တင်ဒါ/အဆိုပြုလွှာ — ၁၆-၇-၂၀၂၆

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၃၄၁၁၁၉၃၊**
**၀၉-၄၂၀၂၄၁၄၅၃၊ ၀၉-၄၄၃၂၇၅၁၀၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ်(၇၂)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ပဉ္စမထပ်(ဖလွှာ)၊ (ခေါင်းရင်းခန်း)၊အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံး**ကို ဝယ်ယူရန် မူလတိုက်ခန်းပိုင်ရှင် ဒေါ်ကြည်ကြည်ဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်းဆိုင် [၁၂/လမတ(နိုင်) ၀၀၂၁၄၅]အား ကျွန်ုပ်၏မိတ်ဆွေ ဦးလှဦး(ခ)ဦးဝင်းဆွေ [၁၂/လမတ(နိုင်)၀၁၉၉၃၂]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၆၃)**
**ဖုန်း- ၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**
**အမှတ်(၈၆)၊ (၇ လွှာ/စီ)၊ ဝါးတန်းလမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ City Loft Condo တိုက်အမှတ် (CL-၁၀)၊ အခန်းအမှတ် (၅၀၆)၊ အခန်းအမျိုးအစား Type (Sutdio)၊ အကျယ်အဝန်း (၃၁၂) စတုရန်းပေရှိကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်ပစ္စည်းများ၊ ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ရောင်းချလိုကြောင်း ဒေါ်နန်းဆန်းမြလင်း [၇/ရတရ(နိုင်)၀၇၆၁၈၅]က အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဝဏ္ဏအောင် [၇/ရတန(နိုင်)၁၂၉၃၆၇]မှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သော ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ငြိမ်းအောင် LL.B, LL.M (International Law), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၅၂၉)**
**အမှတ်(၆၄)၊ (၇)လွှာ(ဘီ)၊ ရေကျော်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၇၇၃၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ- ၁၈)၊ ဦးပိုင်အမှတ် (၃၁-ခ)၊ ၅၈x၅၉ ကြား၊ ၁၂၈x၁၂၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မျိုးမြင့်ဦး [၈/ပခက(နိုင်) ၁၄၃၃၄၈]က အမှုတွဲအမှတ် (၀၆၈၀/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲ၊ ခွဲကျန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ လူနေရပ်ကွက်အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ်(၁၆၀၁/က)၊ မြေကွက်လိပ်စာအမှတ်(၁၆၀၁/က)၊ သလ္လာဝတီ(၃)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ **ဒေါ်မြသက်မွန် [၁၂/သကတ(နိုင်)၁၆၇၀၁၈]**မှ ၎င်းအမည်ပေါက်ဖြင့် ပိုင်ဆိုင်လာသော အိမ်၊ မြေကွက်ဖြစ်ကြောင်းနှင့် ၎င်းတစ်ဦးတည်းသာလျှင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၉၂၃)**
**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-778434507**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(FMI အိမ်ရာစီမံကိန်း)၊ ရွှေစံပယ်(၅)လမ်း၊ အမှတ်(F/58)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၄၇)၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်ယုဇနဝင်း [၁၂/မရက(နိုင်)၀၈၃၉၄၇]** ၏အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အား ၎င်းက မိမိတစ်ဦးတည်းသာ ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင် (LL.B, D BL, DIL, DML)**
**အထက်တန်းရှေ့နေ (စဉ်– ၃၈၈၈၆)**
**အမှတ်–၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၀၇၇၈၅၀**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(E–1)၊ အခန်းအမှတ် (၀၀၃)နေ ဒေါ်မေဇင်အောင် [၁၂/ဗတထ(နိုင်) ၀၃၅၇၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေဇင်အောင်နှင့် ခင်ပွန်းဖြစ်သူ ဦးသက်ထွန်းမောင် (ဘ) ဦးငွေမောင် [၁၂/ဗတထ(နိုင်) ၀၃၃၈၁၈]တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် မှတ်ပုံတင်အမှတ် (၅၁/၂၀၂၆)၊ (၁၅–၆–၂၀၂၆)ရက်စွဲပါ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ဖြင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေဇင်အောင်နှင့် ဦးသက်ထွန်းမောင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံး၀(လုံး၀) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားသူ)** **(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်မေဇင်အောင်** **ဦးမျိုးမင်းဆွေ (LL.B)**
**[၁၂/ဗတထ(နိုင်) ၀၃၅၇၄၇]** **တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၃၃၉)**
**အမှတ်(၃၁)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၁၅၁၁၄၇၃**

## "အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီ ရပ်ကွက်၊ ၇၆x၇၇ ကြား၊ ၃၃ လမ်း၊ အကွက် (၆၃၃)တွင်နေထိုင်သော **ဦးဘုန်းဖြိုးကံညွန့်** နိုင်ငံသားမှတ်ပုံတင်အမှတ်**[၉/မနမ(နိုင်)၁၁၁၀၃၃]** သည် အောက်တွင်ဖော်ပြထားသောအမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီး ဌာနမှ Application Number– T/2026/001278 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ပါသည်–

**လျှောက်လွှာနံပါတ် – T/2026/001278**

အထက်ဖော်ပြပါ "Pure Crystal PURIFIED DRINKING WATER" အမည်အမှတ်အသားဖြင့် သောက်ရေသန့်များထုတ်လုပ်၍ မန္တလေးတိုင်းဒေသကြီး အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အမည်အမှတ်အသားအား မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ပြုလုပ်ခြင်း၊ သောက်ရေသန့် ထုတ်လုပ်ခြင်းအပါအဝင် နာမည်တူ/ လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ Social Media Platform များတွင် ကူးယူတုပသုံးစွဲခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ် မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှီငြမ်းတုပ သုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဘုန်းဖြိုးကံညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးမင်းမင်းသိမ့်** **(LL.B, D.B.L,D.I.L,D.M.L,D.I.P.L)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်– ၁၄၅၃၇)**

**ဒေါ်ဇင်မာအောင်** **(LL.B, LL.M)** **အထက်တန်းရှေ့နေ** **(စဉ်– ၅၂၆၄၆)**

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

## အများသိစေရန် ကြေညာခြင်း

ဒေါ်ဝင်းမာစိုး [၅/ကဘလ(နိုင်)၂၅၀၉၅၄]၏ခင်ပွန်း ဦးရဲမျိုးထွေးသည် ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီးနောက် လက်ထက်ပွားပစ္စည်းများအား အလွဲသုံးစားပြုလုပ်သွားသည့်အပြင် ဒေါ်ဝင်းမာစိုးအား စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ဒေါ်ဝင်းမာစိုးသည် ဦးရဲမျိုးထွေးအား ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ခင်ပွန်းအဖြစ်မှ ပြတ်စဲကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ယဉ်ယဉ်မြင့် (LL.B)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်– ၁၆၂၄၃)**

**ဒေါ်ဖြူဇာမြင့် ((LL.B)** **အထက်တန်းရှေ့နေ** **(စဉ်– ၅၃၇၇၃)**

**အမှတ်(၉)၊ မဉ္ဇူလမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၇၉၂၈၄၈၀၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မဉ္ဇူလမ်း၊ အမှတ်(၄၀၂)၊ ဦးရွှေ အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ကြည်ကြည်စန်း [၁၂/သဃက(နိုင်) ၀၁၀၃၀၁]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အားပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၈၁၀) (၁၇–၇–၂၀၁၈)**
**(ဃ/၁၆)၊ ဝေပုလ္လ(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ၀၉–၇၈၁၂၁၀၈၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄၀)၊ ဇီဇဝါလမ်း၊ အမှတ် (၂၃၂)၊ ဒေါ်အုန်းအုန်းမြင့်အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းနိုင် [၁၃/နဆန(နိုင်) ၀၂၈၅၃၈]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်မျိုးမျိုးထွေး [၇/လပတ(နိုင်) ၀၉၈၂၃၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အားပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးထွေး၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၈၁၀) (၁၇–၇–၂၀၁၈)**
**(ဃ/၁၆)၊ ဝေပုလ္လ(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**၀၉–၇၈၁၂၁၀၈၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၀)၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၂၅၂၉)၊ ဒေါ်မူမူခင်အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နီလာအေး [၁၂/သဃက (နိုင်)၁၃၉၁၅၅]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်မျိုးမျိုးထွေး [၇/လပတ(နိုင်) ၀၉၈၂၃၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးထွေး၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၈၁၀) (၁၇–၇–၂၀၁၈)**
**(ဃ/၁၆)၊ ဝေပုလ္လ(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**၀၉–၇၈၁၂၁၀၈၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်) ရပ်ကွက်၊ မြို့မ (၁၁) လမ်း၊ အမှတ်–၂၉၃/ခ ဟု ခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/မြောက်၊ မြေကွက်အမှတ်–၂၉၃/ခ၊ ဧရိယာ (၁၂၀၀) စတုရန်းပေ (၂၀ ပေ x ၆၀ ပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ နှစ်ထပ်ခွဲ RC တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့မြေစာရင်းတွင် **ဒေါ်စန်းစန်း** (၁၂/မဂတ (နိုင်) ၀၄၈၃၉၅) က အမည်ပေါက် ပိုင်ဆိုင်၍ ၎င်းမှရောင်းချရန်ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်စန်းစန်းဦး (ခ) မပေါက်ကျွင်း** (၉/မမန (နိုင်) ၀၁၇၄၀၉) က အပြီး အပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၂၈၇၁)**
**အမှတ်–၅၆၃၊ ပထမထပ်၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၁၄၉၃၈၂**

## အမည်မှန်

တွံတေးမြို့နယ်၊ KHAING FAMILY ကိုယ်ပိုင်အထက်တန်းကျောင်း Grade– 3 မှ အဖ ဦးဟိန်းသူအောင် [၁၂/တတန(နိုင်) ၁၉၁၉၂၀]၏သမီး မဝင့်ရတီဦး၏ အမည်မှန်မှာ မလင်းလက်ရည်သုံ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ် (၆၃၉)၊ ဦးပိုင်အမှတ် (၄၂)၊ ၇၈ (A)လမ်း၊ ၃၄x၃၅ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ မနှင်းရီ(ခ)နှင်းရည်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၁၄၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးရွှေဝင်း [၁၃/လရန(နိုင်) ၀၂၅၃၂၁]က အမှုတွဲအမှတ် (၀၀၃၈/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၆)၊ ဦးပိုင်အမှတ် (၅၁–က)၊ ၃၉x၄၀ ကြား၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရဲထွန်းထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၆၇၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးလီကျိန်းရှန် [၁၃/ကလတ (နိုင်) ၀၁၆၄၁၇]က အမှုတွဲအမှတ် (၀၆၈၃/ ၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ–၂၉)၊ ဦးပိုင်အမှတ်(၁၄)၊ ၅၇ လမ်း၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ထန်တယ်မြင့်၏ (SP ရရှိသူ ဦးကျော်မျိုးခိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၈၅/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူဒေါ်မိန်းမိန်း [၁၃/ကလတ(နိုင်) ၀၄၂၅၀၉]က အမှုတွဲအမှတ် (၀၆၉၂/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဆိပ်ကမ်းသာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်ထိန်လင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဦး [၁၂/ဒပန(နိုင်) ၀၅၂၉၃၇] ဖြစ်ပါကြောင်း။

**ဦးသန့်ဇော်ဦး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဆိပ်ကမ်းသာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ မဆုဝင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဦး [၁၂/ဒပန (နိုင်) ၀၅၂၉၃၄] ဖြစ်ပါကြောင်း။

**ဦးသန့်ဇော်ဦး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၆)၊ မြေကွက်အမှတ် (၆၄၁/ခ)၊ ဧရိယာ (အလျား ၂၀ပေx အနံ ၆၀ပေ) ဟုခေါ်တွင်သော ဦးလှထွန်း အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်အကျိုးခံစားခွင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးသန်းနိုင် (ဘ) ဦးကျော်မြိုင် [၁၂/တကန(နိုင်)၁၇၈၈၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသိန်းထိုက် (ဘ) ဦးမြင့်သိန်း [၁၄/ဇလန(နိုင်)၁၂၄၄၄၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်အားပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အိအိဖြိုး LL.B, D.B.L, D.I.B.L, D.I.L,D.M.L, WIPO (Switzerland)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်– ၁၃၄၇၀)**

**ဦးမောင်မောင်မြင့် LL.B, D.B.L, WIPO (Switzerland)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်– ၁၅၃၃၉)**

**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၈၃၄၃၀၃၈၊ ၀၉–၂၅၄၃၈၃၇၆ါ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၆)၊ မြေကွက်အမှတ် (၇၉၂+၇၉၃/က)၊ ဧရိယာ (အလျား ၃၀ပေx အနံ ၅၀ပေ) ဟုခေါ်တွင်သော ဒေါ်နီလာဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တွယ်ကပ်စပ်ဆက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်နီလာဝင်း (ဘ) ဦးဘခွေး [၇/ဖမန(နိုင်) ၀၆၉၀၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမြင့်ဆွေ (ဘ) ဦးကျော်ထွန်း [၁၂/တတန(နိုင်) ၀၅၆၁၀၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်အားပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အိအိဖြိုး LL.B, D.B.L, D.I.B.L, D.I.L,D.M.L, WIPO (Switzerland)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်– ၁၃၄၇၀)**

**ဦးမောင်မောင်မြင့် LL.B, D.B.L, WIPO (Switzerland)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်– ၁၅၃၃၉)**

**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၈၃၄၃၀၃၈၊ ၀၉–၂၅၄၃၈၃၇၆ါ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/က)၊ လူနေရပ်ကွက်အမှတ်(ဒဂုံရော)၊ ဗိုလ်ကလေးလမ်းပေါ်ရှိ၊ မြေကွက်အမှတ်(၄၊ ၅၊ ၆)၊ ဧရိယာ(အလျား ၁၂၀ပေx အနံ၆၀ပေ)ဟုခေါ်တွင်သော ဒေါ်ဖွား အမည်ပေါက် မြေချပါမစ် မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးဝင်းမြင့်အောင် (ဘ) ဦးချိန်ဆူ [၁၂/တကန(နိုင်)၀၀၀၇၁၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးမင်း (ဘ) ဦးတင်ခ [၁၂/လမန(နိုင်)၁၀၃၀၀၇] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်အား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အိအိဖြိုး LL.B, D.B.L, D.I.B.L, D.I.L,D.M.L, WIPO (Switzerland)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်– ၁၃၄၇၀)**

**ဦးမောင်မောင်မြင့် LL.B, D.B.L, WIPO (Switzerland)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်– ၁၅၃၃၉)**

**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၈၃၄၃၀၃၈၊ ၀၉–၂၅၄၃၈၃၇၆ါ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၆/အနောက်၊ မြေကွက်အမှတ်– ၇၅၆၊ ဧရိယာ (၄၀x၆၀)ပေ၊ မြေကွက်တည်နေရာအမှတ်– ၇၅၆၊ ရှုခင်းသာမြို့ပတ်လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဘာဘူ [၁၂/သကတ (နိုင်)၀၉၆၉၀၈] အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဘာဘူ(ဖခင်)နှင့် ဒေါ်သောင်း(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးဇော်ဝင်း [၁၂/သကတ(နိုင်)၀၂၈၄၄၆]၊ ဦးထွန်းထွန်း [၁၂/သကတ(နိုင်) ၀၉၂၄၁၇]၊ ဒေါ်တင်တင်ဝင်း [၁၂/သကတ(နိုင်) ၀၈၃၃၂၃]၊ ဒေါ်စန်းစန်းဝင်း [၁၂/သကတ(နိုင်) ၁၄၀၄၅၈]တို့မှ မိမိတို့သာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထားသည့် တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးဘာဘူ(ဖခင်)နှင့် ဒေါ်သောင်း(မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ (NMSP)တို့ တွေ့ဆုံဆွေးနွေး
စာမျက်နှာ » ၁၀

စစ်ကိုင်းမြို့တွင် ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဝေါမြို့နယ်၌ ငွေကျပ် ၁၀၂ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့်များ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၈

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၇-၂၀၂၆ ရက်နေ့မှ ၆-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

နေပြည်တော် ဇူလိုင် ၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဇူလိုင် ၃ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ■



အင်္ဂလန်အသင်းနှင့် ကွန်ဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# နောက်ကျသွင်းဂိုးတွေနဲ့ နိုင်ပွဲကိုယ်စီရပြီး အင်္ဂလန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ (၁၆)သင်းအဆင့် တက်လှမ်း

ဇူလိုင် ၁ ရက်ညပိုင်းနဲ့ ဇူလိုင် ၂ ရက်နံနက်ပိုင်းတို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလား (၃၂) သင်းအဆင့် ပွဲစဉ်တွေထဲမှာ အင်္ဂလန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ဟာ နောက်ကျသွင်းဂိုးတွေနဲ့ အနိုင်ရပြီး (၁၆) သင်းအဆင့် တက်လှမ်းခဲ့ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❍

# မြန်မာ U -20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U–20 အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂

2027 AFC U –20 Asian Cup Development (အုပ်စု K) ပြိုင်ပွဲအကြို ခြေစမ်းပွဲ ပထမပွဲစဉ်အဖြစ် မြန်မာ U –20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U –20 အမျိုးသားဘောလုံးအသင်းတို့ ဇူလိုင် ၄ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်အား ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှ စတင်ပြီး MRTV – HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် မြန်မာကလပ် ဧရာဝတီအသင်း အုပ်စု (F) ၌ ကျရောက်



နေပြည်တော် ဇူလိုင် ၂

၂၀၂၆–၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဇူလိုင် ၂ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပရာ မြန်မာအမျိုးသမီးကလပ် ဧရာဝတီအသင်း အုပ်စု(F) ၌ ကျရောက်ခဲ့သည်။

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းအုပ်စု ခြောက်ခုခွဲ၍ ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❂